မှတ်ပုံတင်အမှတ်–၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

အမှတ် ၄၅] ရန်ကုန်မြို့ { ၁၃၈၃ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၂ ရက် (၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်) } သောကြာနေ့ [ အတွဲ ၇၄

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် (၅၇/၂၀၂၁)**

**နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဥပဒေကို ပြင်ဆင်သည့်ဥပဒေ**

၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁ ရက်

(၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၆ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေကို ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေပုဒ်မ ၄၁ ကို အောက်ပါအတိုင်း အစားထိုးရမည်–

"၄၁။ မည်သူမဆို နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများတို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်းမပြုရ။"

၃။ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေပုဒ်မ ၄၄ တွင် ပါရှိသော "သို့မဟုတ် ၄၁" ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

၄။ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေပုဒ်မ ၄၄ ၏ နောက်တွင် ပုဒ်မ ၄၄–က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်–

"၄၄–က။ မည်သူမဆို ပုဒ်မ ၄၁ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား တစ်နှစ်ထက်မပိုသည့် ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။"

---

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် (၅၈/၂၀၂၁)**

**တရားမကျင့်ထုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေ**

၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၆ ရက်

(၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **တရားမကျင့်ထုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ တရားမကျင့်ထုံးဥပဒေပုဒ်မ ၈၉ ၏ နောက်တွင် ပုဒ်မ ၈၉-က ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

‘‘MEDIATION

89 A. (1) The Court may make mediation to a dispute in the case which has civil nature pursuant to this section.

(2) The Court may refer the following cases to mediation:

(a) cases which are prescribed to be mediated by any law or by any notification issued by the Supreme Court of the Union; and

(b) cases which are voluntarily referred to mediation by disputant parties.

(3) The proceedings of mediation shall be confidential. Any communication, statement and admission made during mediation process shall not be admissible in any subsequent hearing of the same suit or any other proceedings.

(4) Where the parties to mediation reach an agreement, the parties shall apply the Court to verify the agreement. The Court shall pass an order or a decree, as it thinks fit, in accordance with the relevant provisions of the Code of Civil Procedure.

(5) The Supreme Court of the Union may issue notifications, orders, directives, procedures and manuals relating to mediation under this section as may be necessary.

Explanation – Mediation in this section is a dispute resolution process involving a mediator assigned by the Court who facilitates the parties to reach a mutually agreeable solution.”

---

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်

ဗိုလ်ချုပ်မှူးကြီး

ဥက္ကဋ္ဌ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် (၅၉/၂၀၂၁)

## စကားရပ်များ ပြောင်းလဲသတ်မှတ်သည့်ဥပဒေ

၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၆ ရက်

(၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ (က) ဤဥပဒေကို **စကားရပ်များ ပြောင်းလဲသတ်မှတ်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၂၁ ခုနှစ်၊ မေလ ၅ ရက်နေ့မှစတင်၍ အာဏာတည်ပြီး ဖြစ်သည်ဟု မှတ်ယူရမည်။

၂။ တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ ကြေညာချက်များ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများတွင်ပါရှိသော ''ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန'' ဆိုသည့် စကားရပ်ကို ''ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန'' ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ''အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန'' ဆိုသည့် စကားရပ်ကို ''အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန'' ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း ပြောင်းလဲသတ်မှတ်ရမည်။

၃။ တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ ကြေညာချက်များ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများတွင်ပါရှိသည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့်သက်ဆိုင်သော ''ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန'' ဆိုသည့် စကားရပ်ကို ''ပြည်ထဲရေးဝန်ကြီးဌာန'' ဟု ပြင်ဆင်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

---

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## အမိန့်ကြော်ငြာစာအမှတ် (၂၉၃/၂၀၂၁)

၁၃၈၃ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၀ ရက်

(၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်)

## နိုင်ငံခြားသား အမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ အကောင်အထည်ဖော်ရေးဗဟိုကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် မြန်မာနိုင်ငံတွင် နိုင်ငံခြားသား အမြဲနေထိုင်ခွင့် လျှောက်ထားသည့် နိုင်ငံခြားသားနှင့် မြန်မာနိုင်ငံသားဟောင်းများအား လိုအပ်ချက်နှင့်အညီ စနစ်တကျရွေးချယ်

စိစစ်ခွင့်ပြုနိုင်ရေးအတွက် **နိုင်ငံခြားသား အမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ** ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | အမြဲတမ်းအတွင်းဝန်<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | အမြဲတမ်းအတွင်းဝန်<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | အမြဲတမ်းအတွင်းဝန်<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | အမြဲတမ်းအတွင်းဝန်<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | အမြဲတမ်းအတွင်းဝန်<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | အမြဲတမ်းအတွင်းဝန်<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | အတွင်းရေးမှူး<br>မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် | အဖွဲ့ဝင် |
| (ည) | အမြဲတမ်းအတွင်းဝန်<br>လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အတွင်းရေးမှူး |

၂။ နိုင်ငံခြားသား အမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ အကောင်အထည်ဖော်ရေးဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) မြန်မာနိုင်ငံတွင် နိုင်ငံခြားသားအမြဲနေထိုင်ခွင့် (PR) စနစ်ကို စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ဦးဆောင်မှုပေးခြင်း၊

(ခ) နိုင်ငံခြားသားအမြဲနေထိုင်ခွင့် (PR) စနစ်နှင့်စပ်လျဉ်း၍ နိုင်ငံတကာတွင် ဆောင်ရွက်လျက်ရှိသည့် စနစ်များကိုလေ့လာ၍ နိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ နိုင်ငံတော်အကျိုးစီးပွားကို ဦးတည်ဖော်ဆောင်ပေးသည့် စနစ်တစ်ရပ်ဖြစ်စေရန် စဉ်ဆက်မပြတ်ကြီးကြပ်ဆောင်ရွက်ခြင်း၊

(ဂ) သက်ဆိုင်ရာဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများနှင့် အတွေ့အကြုံရှိ အကြံပြုသူအသီးသီးက တင်ပြသည့် အစီအစဉ်များကို အခြေခံ၍ လိုအပ်သော လမ်းညွှန်မှုပြုခြင်း၊

(ဃ) ကျယ်ပြန့်သော သတင်းပြန်ကြားရေးကွန်ရက်တစ်ရပ် ထူထောင်ဆောင်ရွက်နိုင်ရေးအတွက် ဦးဆောင်လမ်းညွှန်မှုပေးခြင်း၊

(င) နိုင်ငံခြားသားအမြဲနေထိုင်ခွင့်လျှောက်ထားချက်ကို ခွင့်ပြုကြောင်းဆုံးဖြတ်ပါက ယင်းဆုံးဖြတ်ချက်ကို လျှောက်ထားသူထံ အကြောင်းကြားခြင်း၊

(စ) နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ရသူမိဘက မြန်မာနိုင်ငံအတွင်း ကလေးမွေးဖွားခြင်း၊ ကလေးသေဆုံးခြင်းဆိုင်ရာ တင်ပြချက်ကို မှတ်တမ်းတင်ခြင်း၊

(ဆ) နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ရသူ၏ အခွင့်အရေးနစ်နာဆုံးရှုံးမှု မရှိစေရေးအတွက် ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ခြင်း၊ လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ခြင်း၊

(ဇ) နိုင်ငံခြားသားအမြဲနေထိုင်ခွင့်လက်မှတ်ထုတ်ပေးခြင်း၊ အမြဲနေထိုင်ခွင့်သက်တမ်းနှင့် နှစ်စဉ်သက်တမ်းအတည်ပြုမှတ်ပုံတင်ခြင်း၊ အမြဲနေထိုင်ခွင့်လက်မှတ်မိတ္တူထုတ်ပေးခြင်း၊ အမြဲနေထိုင်ခွင့်ရရှိသူ၏ ကိုယ်ရေးဖြစ်စဉ်ပြောင်းလဲခြင်း၊ အမြဲနေထိုင်ခွင့်လက်မှတ်ပယ်ဖျက်ခြင်း၊ မြန်မာနိုင်ငံအတွင်း မွေးဖွားသော ကလေးအမည်ကို အမြဲနေထိုင်ခွင့်လက်မှတ်တွင် ဖြည့်စွက်ခြင်းနှင့် သေဆုံးသောကလေးအမည်စာရင်းကို အမြဲနေထိုင်ခွင့်လက်မှတ် အမည်စာရင်းမှ ပယ်ဖျက်ခြင်းတို့နှင့်စပ်လျဉ်း၍ ဆောင်ရွက်မှုများအား အတည်ပြုပေးခြင်း၊

(ဈ) နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ပြုနိုင်ရေးအတွက် ရွေးချယ်ရန် အမှတ်ပေးစနစ် (Point System) ကို ခေတ်နှင့်အညီဖြစ်စေရန် သတ်မှတ်ခြင်း၊

(ည) နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေများကို နိုင်ငံခြားသားအမြဲနေထိုင်ခွင့်စနစ် စီမံခန့်ခွဲမှုကော်မတီသို့ တင်ပြခြင်း၊

(ဋ) နိုင်ငံခြားသား အမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာကိစ္စနှင့်စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က အခါအားလျော်စွာ ပေးအပ်သောတာဝန်များကို ထမ်းဆောင်ခြင်း၊

(ဌ) လုပ်ငန်းကော်မတီကတင်ပြသော အမြဲနေထိုင်ခွင့်လျှောက်ထားချက်ကို စိစစ်၍ ဆုံးဖြတ်ခြင်း၊

(ဍ) နိုင်ငံခြားသား အမြဲနေထိုင်ခွင့်ရုပ်သိမ်းခြင်းနှင့် ပယ်ဖျက်ခြင်းဆိုင်ရာကိစ္စရပ်များကိုစိစစ်၍ ဆုံးဖြတ်ခြင်း၊

(ဎ) နိုင်ငံခြားသားအမြဲနေထိုင်ခွင့်လက်မှတ် လျှောက်ထားခြင်းနှင့် ထုတ်ယူခြင်းတို့ကို သတ်မှတ်ရက်အတွင်း ဆောင်ရွက်နိုင်ခြင်းမရှိ၍ တင်ပြသော အကြောင်းပြချက်ကို ခိုင်လုံမှု ရှိ မရှိ စိစစ်ဆုံးဖြတ်ခြင်း၊

(ဏ) အမြဲနေထိုင်ခွင့်ရရှိပြီး သတ်မှတ်ကာလပြည့်မြောက်သည့် မြန်မာနိုင်ငံသားဟောင်းက မြန်မာနိုင်ငံသား အဖြစ်သတ်မှတ်ပေးရန် လျှောက်ထားချက်ကိုစိစစ်၍ မြန်မာနိုင်ငံသားဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်ရန် ဆုံးဖြတ်ခြင်းနှင့် တင်ပြခြင်း၊

(တ) ကျွမ်းကျင်ပညာရှင်ကဖြစ်စေ၊ ရင်းနှီးမြှုပ်နှံ၍ စီးပွားရေးလုပ်ကိုင်သူကဖြစ်စေ လုပ်ငန်းပြောင်းလဲ လုပ်ကိုင်ခွင့် တင်ပြချက်ကို စိစစ်ဆုံးဖြတ်ခြင်း၊

(ထ) နိုင်ငံတော်၏အကျိုးငှာ အမြဲနေထိုင်ခွင့်ရရှိသူ လိုက်နာရမည့် တားမြစ်ချက်နှင့် ကန့်သတ်ချက်များကို အခါအားလျော်စွာထုတ်ပြန်ခြင်း၊

(ဒ) နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ဆိုင်ရာကိစ္စနှင့်စပ်လျဉ်း၍–

(၁) သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ နိုင်ငံတကာနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အကြံပေးပုဂ္ဂိုလ်များနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(၂) လိုအပ်သောပြည်တွင်းပြည်ပမှ နည်းပညာနှင့် ပစ္စည်းကိရိယာ အကူအညီများရယူဆောင်ရွက်ခြင်း၊

(ဓ) မိမိ၏လုပ်ငန်းတာဝန်များကို အထောက်အကူပြုနိုင်ရေးအတွက် နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ပြုခြင်း ဆိုင်ရာ အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီကို အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဖွဲ့စည်းခြင်းနှင့် ယင်းကော်မတီ၏ လုပ်ငန်းတာဝန်သတ်မှတ်ခြင်း။

၃။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၁၈/၂၀၂၁ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## အမိန့်ကြော်ငြာစာအမှတ် (၂၉၄/၂၀၂၁)

၁၃၈၃ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၀ ရက်
(၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်)

**နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူဆိုင်ရာ စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း**

၁။ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ မြန်မာနိုင်ငံသားဥပဒေအရ နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူ ဟုတ် မဟုတ် ဗဟိုအဖွဲ့သို့ တင်ပြအဆုံးအဖြတ်ခံယူရန် လိုအပ်သူများအား စိစစ်ပေးနိုင်ရေးအတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် မြို့နယ်အဆင့် **နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူဆိုင်ရာ စုံစမ်းစစ်ဆေးရေးအဖွဲ့များ** ကို အောက်ပါအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

(က) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူဆိုင်ရာ စုံစမ်းစစ်ဆေးရေးအဖွဲ့**

| | | |
|---|---|---|
| (၁) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ အဖွဲ့ဝင် (၁) ဦး | ဥက္ကဋ္ဌ |
| (၂) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အုပ်ချုပ်ရေးမှူး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၃) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရဲတပ်ဖွဲ့မှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ | အဖွဲ့ဝင် |
| (၄) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေချုပ်မှ တာဝန်ပေးအပ်သည့် ကိုယ်စားလှယ်တစ်ဦး | အဖွဲ့ဝင် |
| (၅) | လျှောက်ထားသူနှင့် သက်ဆိုင်သည့်ဒေသမှ ဌာနဆိုင်ရာ အများကြည်ညိုလေးစားခံရသူ (၂) ဦး | အဖွဲ့ဝင် |
| (၆) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးမှူး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အတွင်းရေးမှူး |

(ခ) **မြို့နယ် နိုင်ငံသား သို့မဟုတ် နိုင်ငံသား ပြုခွင့်ရသူဆိုင်ရာ စုံစမ်းစစ်ဆေးရေးအဖွဲ့**

| | | |
|---|---|---|
| (၁) | မြို့နယ်အုပ်ချုပ်ရေးမှူး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| (၂) | မြို့နယ်ရဲတပ်ဖွဲ့မှူး မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ | အဖွဲ့ဝင် |

(၃) မြို့နယ်ဥပဒေအရာရှိ မြို့နယ်ဥပဒေရုံး — အဖွဲ့ဝင်

(၄) လျှောက်ထားသူနှင့် သက်ဆိုင်သည့်ဒေသမှ ဌာနဆိုင်ရာ အများကြည်ညိုလေးစားခံရသူ (၂) ဦး — အဖွဲ့ဝင်

(၅) မြို့နယ်ဦးစီးမှူး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန — အတွင်းရေးမှူး

၂။ စုံစမ်းစစ်ဆေးရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) မြန်မာနိုင်ငံသား ဥပဒေပုဒ်မ-၆၅ အရ နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ ဟုတ် မဟုတ် အဆုံးအဖြတ်ခံယူရန် အထောက်အထားများနှင့်တကွ တင်ပြလျှောက်ထားသူများအား ပြဋ္ဌာန်းထားသော ဥပဒေပုဒ်မများနှင့် အကျုံးဝင်ညီညွတ်သည့် နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူ ဟုတ် မဟုတ် စုံစမ်းစစ်ဆေးခြင်း၊

(ခ) နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူအဖြစ် ပြဋ္ဌာန်းသတ်မှတ်ထားသော ဥပဒေနှင့်ညီညွတ်သူများအား ဥပဒေအရ သတ်မှတ်ထားသော အရည်အချင်းများနှင့် ပြည့်စုံခြင်း ရှိ မရှိ စုံစမ်းစစ်ဆေးခြင်း၊

(ဂ) လျှောက်လွှာ၌ ဖော်ပြထားသော သားသမီးများအား မှန်ကန်မှု ရှိ မရှိ နိုင်ငံသားပြုခွင့်လက်မှတ်တွင် သားသမီး၏အမည်ကို ထည့်သွင်းပေးသင့် မသင့် စုံစမ်းစစ်ဆေးခြင်း၊

(ဃ) စုံစမ်းစစ်ဆေး တွေ့ရှိချက်များအပေါ်မူတည်၍ ဗဟိုအဖွဲ့မှ လျှောက်ထားသူအား နိုင်ငံသား သို့မဟုတ် နိုင်ငံသား ပြုခွင့်ရသူ ဟုတ် မဟုတ် အဆုံးအဖြတ် ချမှတ်နိုင်ရေးအတွက် သုံးသပ်ချက်၊ အကြံပြုချက်များအား ဗဟိုအဖွဲ့သို့ တိကျစွာ တင်ပြခြင်း။

၃။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၁၇/၂၀၂၁ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## အမိန့်ကြော်ငြာစာအမှတ် (၂၉၅/၂၀၂၁)

၁၃၈၃ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၀ ရက်
(၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်)

### နိုင်ငံခြားပညာတော်သင် စိစစ်ရွေးချယ်စေလွှတ်ရေးကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ဝန်ထမ်းများပြည်ပနိုင်ငံများသို့ပညာတော်သင်စေလွှတ်ရာတွင် စနစ်တကျစိစစ်ရွေးချယ်စေလွှတ်နိုင်ရေးအတွက် **နိုင်ငံခြားပညာတော်သင် စိစစ်ရွေးချယ်စေလွှတ်ရေးကော်မတီ** ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

(က) ဥက္ကဋ္ဌ ပြည်ထောင်စုရာထူးဝန်အဖွဲ့ — ဥက္ကဋ္ဌ

(ခ) ပြည်ထောင်စုဝန်ကြီး ပညာရေးဝန်ကြီးဌာန — ဒုတိယဥက္ကဋ္ဌ

| | | |
|---|---|---|
| (ဂ) | အမြဲတမ်းအတွင်းဝန်<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | အမြဲတမ်းအတွင်းဝန်<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | အမြဲတမ်းအတွင်းဝန်<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | အမြဲတမ်းအတွင်းဝန်<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | အမြဲတမ်းအတွင်းဝန်<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | အမြဲတမ်းအတွင်းဝန်<br>ပြည်ထောင်စုရာထူးဝန်အဖွဲ့ | အဖွဲ့ဝင် |
| (ဈ) | ညွှန်ကြားရေးမှူးချုပ်<br>ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန<br>ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီရုံး | အဖွဲ့ဝင် |
| (ဌ) | ညွှန်ကြားရေးမှူးချုပ်<br>ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | အတွင်းရေးမှူး |
| (ဍ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုအစိုးရအဖွဲ့ရုံး | တွဲဖက်အတွင်းရေးမှူး |

၂။ **လုပ်ငန်းတာဝန်။** နိုင်ငံခြားပညာတော်သင် စိစစ်ရွေးချယ်စေလွှတ်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ဝန်ကြီးဌာနနှင့်အဖွဲ့အစည်းအသီးသီးက နိုင်ငံခြားပညာသင် စေလွှတ်ခြင်းကိစ္စများကို စိစစ်ရွေးချယ်ပေးရန်၊

(ခ) နိုင်ငံခြားပညာတော်သင် စိစစ်ရွေးချယ်စေလွှတ်ရေးကော်မတီက ခွဲဝေပေးသည့် ပညာသင်ဆုများဖြင့်သာ နိုင်ငံခြား ပညာသင်စေလွှတ်ရန်၊

(ဂ) နိုင်ငံတော်က စရိတ် (နိုင်ငံခြားငွေ၊ မြန်မာကျပ်ငွေ) ကျခံစေလွှတ်ရမည့် ပညာသင်ကိစ္စများအတွက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနမှ ခွင့်ပြုချက်ရရှိပြီးမှသာ ပညာသင်စေလွှတ်ရန်၊

(ဃ) ဝန်ကြီးဌာနနှင့်အဖွဲ့အစည်းအသီးသီး၏ ပညာသင်စေလွှတ်မှုများကို ချမှတ်ထားသော စည်းမျဉ်း၊ စည်းကမ်း၊ မူဝါဒ၊ လမ်းညွှန်ချက်များနှင့် ကိုက်ညီမှုနက်ကန်မှု ရှိ မရှိ စိစစ်သုံးသပ်၍ ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ တစ်လတစ်ကြိမ် အစီရင်ခံ တင်ပြရန်၊

( င ) တပ်မတော် (ကြည်း၊ ရေ၊ လေ) တွင် တာဝန်ထမ်းဆောင်လျက်ရှိသော စစ်မှုထမ်းများအား ပြည်ပသို့စေလွှတ်ရန်ကိစ္စပေါ်ပေါက်လာပါက ကာကွယ်ရေးဝန်ကြီးဌာန၏ သဘောတူညီချက်ရရှိမှသာ ပြည်ပသို့စေလွှတ်ရေးကိစ္စကို ဆက်လက်ဆောင်ရွက်ရန်၊

( စ ) ပညာသင်ဆုစိစစ်ခွဲဝေရာတွင် ဝန်ကြီးဌာနများ မျှမျှတတဖြစ်စေရေးအတွက် ညှိနှိုင်းခွဲဝေပေးရန်၊

(ဆ) ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအသီးသီးမှ နိုင်ငံခြားပညာသင်စေလွှတ်ရာတွင် မူဝါဒ၊ လမ်းညွှန်ချက်များနှင့်အညီ စည်းကမ်းတကျ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် ကော်မတီ၏ အစည်းအဝေးအား လိုအပ်သလို ခေါ်ယူကျင်းပဆောင်ရွက်ရန်၊

( ဇ ) ကော်မတီအဖွဲ့အနေဖြင့် စေလွှတ်ခဲ့သည့် ပညာသင်များ၏ ဘာသာရပ်ခေါင်းစဉ်များအလိုက် စုစည်း၍ ပြန်လည်သုံးသပ်ဆွေးနွေးခြင်း၊ လက်ဆင့်ကမ်းဖြန့်ဝေပို့ချခြင်း စသည့်လုပ်ငန်းများအား ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများသို့ အကြံပြုနိုးဆော်ခြင်းများဆောင်ရွက်ရန်။

၃။ **လုပ်ပိုင်ခွင့်။** နိုင်ငံခြားပညာတော်သင် စိစစ်ရွေးချယ်စေလွှတ်ရေးကော်မတီ၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) နိုင်ငံခြားပညာတော်သင် စိစစ်ရွေးချယ်စေလွှတ်ရေးကော်မတီသည် နိုင်ငံခြားသို့ ပညာသင်စေလွှတ်ရာတွင် ဝန်ကြီးဌာနများ၏ လုပ်ငန်းသဘောသဘာဝနှင့် အကြောင်းအရာ၊ ဘာသာရပ်ကိုက်ညီမျှတမှုရှိအောင် ခွဲဝေသတ်မှတ်နိုင်သည်။

( ခ ) ပညာသင်စေလွှတ်ရာတွင် နိုင်ငံခြားတိုင်းပြည်မှ (Nomination) လုပ်သည့်အနေဖြင့် ၎င်းတို့ရွေးချယ်သတ်မှတ်သည့် ပုဂ္ဂိုလ်အား စေလွှတ်ရေးအဆိုပြုလာခြင်းကို ခွင့်မပြုရန် စိစစ်ဆောင်ရွက်နိုင်သည်။

( ဂ ) ကာယကံရှင် ဝန်ထမ်းကိုယ်တိုင် ပညာသင်ဆုများကို Online မှတစ်ဆင့် လျှောက်ထားပြီး ဖြေဆိုအောင်မြင်ပါက သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအကြီးအမှူး၏ ထောက်ခံချက်ဖြင့် ပညာသင်ဆု တင်ပြတောင်းခံလာသည့်အခါ ခွင့်ပြုပေးနိုင်သည်။

(ဃ) ပညာသင်ဆုများနှင့်ပတ်သက်၍ တစ်ဖက်က အပြည့်အဝကျခံပေးမည်ဆိုပါက မဟာဘွဲ့မှ ပါရဂူဘွဲ့သို့ ပြောင်းလဲတက်ရောက်ခြင်းနှင့် အရည်အချင်းပြည့်မီသဖြင့် တစ်ဖက်စရိတ်ဖြင့် မဟာဘွဲ့၊ ပါရဂူဘွဲ့ ပညာသင်ဆုများရရှိပါက ပညာသင်သက်တမ်းကာလတိုးမြှင့်ခြင်း (Extension) ကို သက်ဆိုင်ရာဝန်ကြီးဌာန/အဖွဲ့အစည်းအကြီးအမှူး၏ ခွင့်ပြုချက်ဖြင့်ပေးနိုင်သည်။ သက်ဆိုင်ရာ ဝန်ကြီးဌာန/အဖွဲ့အစည်းသည် ပညာသင်သက်တမ်းကာလတိုးမြှင့်ခြင်း (Extension) ခွင့်ပြုသည့်ကိစ္စအတွက် ဤကော်မတီသို့ အသိပေးတင်ပြရမည်။

( င ) နိုင်ငံခြားပညာတော်သင် စိစစ်ရွေးချယ်စေလွှတ်ရေးကော်မတီသည် ဆပ်ကော်မတီများဖွဲ့စည်းခြင်း၊ အမိန့်ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများ သတ်မှတ်ခြင်းတို့အတွက် အခြားသောဝန်ကြီးဌာန/အဖွဲ့အစည်းများနှင့် လိုအပ်သလို ပေါင်းစပ်ညှိနှိုင်းပြီး ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြ၍ အတည်ပြုချက် ရယူထုတ်ပြန်နိုင်သည်။

၄။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၁၇/၂၀၂၁ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၂၉၆/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၀ ရက်

(၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်)

**မြန်မာနိုင်ငံတွင် နိုင်ငံခြားသားအမြဲနေထိုင်ခွင့် (Permanent Residence System) စနစ် စီမံခန့်ခွဲမှုကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် မြန်မာနိုင်ငံတွင် နိုင်ငံခြားသား အမြဲနေထိုင်ခွင့်စနစ် ကျင့်သုံးအကောင်အထည်ဖော်ရာတွင် နိုင်ငံခြားသားအမြဲနေထိုင်ခွင့် လျှောက်ထားသူများနှင့်ပတ်သက်သည့် လိုအပ်ချက်များ၊ စနစ်တစ်ခုလုံးအတွက် လိုအပ်ချက်များကို တည်ဆဲဥပဒေများနှင့်လည်းကောင်း၊ နိုင်ငံတကာ စံနှုန်းများနှင့်လည်းကောင်း ကိုက်ညီစေရန် ကျယ်ကျယ်ပြန့်ပြန့်လေ့လာမိုငြမ်း၍ စီမံခန့်ခွဲနိုင်ရေးအတွက် **မြန်မာနိုင်ငံတွင် နိုင်ငံခြားသားအမြဲနေထိုင်ခွင့် (Permanent Residence System) စနစ် စီမံခန့်ခွဲမှု ကော်မတီ** ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဒုတိယဝန်ကြီးချုပ် | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ပြည်ထောင်စုဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ပြည်ထောင်စုဝန်ကြီး<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ပြည်ထောင်စုဝန်ကြီး<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ပြည်ထောင်စုဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ပြည်ထောင်စုဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ပြည်ထောင်စုဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဈ) အတွင်းရေးမှူး — အဖွဲ့ဝင်
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

(ည) ပြည်ထောင်စုဝန်ကြီး — အတွင်းရေးမှူး
လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

၂။ မြန်မာနိုင်ငံတွင် နိုင်ငံခြားသားအမြဲနေထိုင်ခွင့် (Permanent Residence System) စနစ် စီမံခန့်ခွဲမှုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) မြန်မာနိုင်ငံတွင် နိုင်ငံခြားသားအမြဲနေထိုင်ခွင့် (PR) စနစ် တစ်ရပ်လုံးကို နိုင်ငံတော်အစိုးရ၏ မူဝါဒလိုအပ်ချက်နှင့်အညီ ပြီးမြောက်အောင်မြင်စေရေးအတွက် ဦးဆောင်မှုပေးခြင်း၊

(ခ) မြန်မာနိုင်ငံတွင် နိုင်ငံခြားသားအမြဲနေထိုင်ခွင့် (PR) စနစ်နှင့်စပ်လျဉ်း၍ နိုင်ငံတကာတွင် ဆောင်ရွက်နေကြသည့် စနစ်များကိုလေ့လာ၍ နိုင်ငံတော်၏ တည်ဆဲဥပဒေများပေါ်တွင် အခြေခံပြီး နိုင်ငံတော်၏ အကျိုးစီးပွားကို ဦးတည်ဖော်ဆောင်ပေးသည့်စနစ်တစ်ရပ်အဖြစ် ပေါ်ပေါက်လာစေရေးအတွက် ကြပ်မတ်ဆောင်ရွက်ခြင်း၊

(ဂ) တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်များနှင့်အညီ ကနဦး လိုအပ်ချက်၊ အရည်အချင်းသတ်မှတ်ချက်၊ အရေအတွက်၊ လျှောက်ထားရန် အထောက်အထား၊ အခကြေးငွေ၊ အခွန်၊ အကောက်ခွန်၊ ပြည်ဝင်ပြည်ထွက်၊ အိမ်ရာအဆောက်အအုံပိုင်ဆိုင်ခွင့်၊ မိသားစုဝင်ကိစ္စ၊ အလုပ်ရှင်နှင့် အလုပ်သမားကိစ္စရပ်များအပါအဝင် လိုအပ်ချက်များကို သတ်မှတ်ပေးနိုင်ရေးအတွက် ဦးဆောင်ကြပ်မတ်ဆောင်ရွက်ပေးခြင်း၊

(ဃ) သက်ဆိုင်ရာဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းအသီးသီးနှင့် အတွေ့အကြုံရှိ အကြံပြုသူအသီးသီးတို့က တင်ပြသည့် အစီအစဉ်များအပေါ် အခြေခံ၍ ဆောင်ရွက်သင့်သည့် အချက်များကို အတည်ပြုပေးခြင်း၊

(င) ကျယ်ပြန့်သော သတင်းပြန်ကြားရေးကွန်ရက်တစ်ရပ် ထူထောင်ဆောင်ရွက်နိုင်စေရေးအတွက် ဦးဆောင်လမ်းညွှန်မှုပေးခြင်း၊

(စ) စနစ်တစ်ရပ်လုံးအပေါ် စဉ်ဆက်မပြတ် လေ့လာသုံးသပ် သုတေသနပြုလုပ်၍ ပြောင်းလဲနေသော အခြေအနေနှင့် ကိုက်ညီမှုရှိစေရေး ကြပ်မတ်ဆောင်ရွက်ပေးခြင်း၊

(ဆ) မြန်မာနိုင်ငံတွင် အမြဲနေထိုင်ခွင့် (PR) စနစ်နှင့်စပ်လျဉ်း၍ လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်ခြင်း၊ (ပြည်ထောင်စုအဆင့် အဖွဲ့အစည်းမဟုတ်၍ မဖော်ပြခြင်း)

(ဇ) သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ နိုင်ငံတကာနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အကြံပေး ပုဂ္ဂိုလ်များနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဈ) လိုအပ်သော ပြည်တွင်း ပြည်ပမှ နည်းပညာနှင့် ပစ္စည်းကိရိယာအကူအညီများအတွက် ပြည်ထောင်စု အစိုးရအဖွဲ့ ခွင့်ပြုချက်ဖြင့် လိုအပ်သလို စီမံခန့်ခွဲအသုံးပြုခြင်း။

၃။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၁၆/၂၀၂၁ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၂၉၇/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၀ ရက်

(၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်)

## ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဗဟိုဦးစီးအဖွဲ့ ပြင်ဆင်ဖွဲ့စည်းခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ အန္တရာယ်မှ တားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၄ ပါ ပြဋ္ဌာန်းချက်များအရ **ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဗဟိုဦးစီးအဖွဲ့** ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>စက်မှုဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ပြည်ထောင်စုဝန်ကြီး<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ပြည်ထောင်စုဝန်ကြီး<br>လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ပြည်ထောင်စုဝန်ကြီး<br>အလုပ်သမားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ပြည်ထောင်စုဝန်ကြီး<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ပြည်ထောင်စုဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ပြည်ထောင်စုဝန်ကြီး<br>သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ဒုတိယဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ဒုတိယဝန်ကြီး<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ဒုတိယဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (ဍ) | ဒုတိယဝန်ကြီး<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဎ) | ဥက္ကဋ္ဌ<br>နေပြည်တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (ဏ) | ဥက္ကဋ္ဌ<br>ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (တ) | ဥက္ကဋ္ဌ<br>မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (ထ) | ဒုတိယကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေးအရာရှိချုပ်<br>ကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေးအရာရှိချုပ်ရုံး<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဒ) | ဥက္ကဋ္ဌ<br>ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့်<br>စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် | အဖွဲ့ဝင် |
| (ဓ) | ပါမောက္ခ (ဌာနမှူး)<br>ဓာတုအင်ဂျင်နီယာဌာန<br>ရန်ကုန်နည်းပညာတက္ကသိုလ် | အဖွဲ့ဝင် |
| (န) | ညွှန်ကြားရေးမှူးချုပ်<br>စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန<br>စက်မှုဝန်ကြီးဌာန | အတွင်းရေးမှူး |
| (ပ) | ပါမောက္ခ (ဌာနမှူး)<br>ဓာတုဗေဒဌာန<br>ရန်ကုန်တက္ကသိုလ် | တွဲဖက်အတွင်းရေးမှူး (၁) |
| (ဖ) | ညွှန်ကြားရေးမှူးချုပ်<br>မီးသတ်ဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး (၂) |

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဗဟိုဦးစီးအဖွဲ့ကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၃။ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဗဟိုဦးစီးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးနှင့်စပ်လျဉ်း၍ မူဝါဒချမှတ်ခြင်း၊

(ခ) ထုတ်လုပ်ခြင်း၊ ပြုပြင်ဖော်စပ်ခြင်း၊ သုံးစွဲခြင်း၊ လက်ဝယ်ထားရှိခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ပြည်တွင်းသို့ တင်သွင်းခြင်းနှင့် ပြည်ပသို့တင်ပို့ခြင်းမပြုရန် တားမြစ်ပိတ်ပင်သည့် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်း၏ အမျိုးအမည်နှင့် ပမာဏကို သတ်မှတ်ခြင်း၊

(ဂ) လိုင်စင်သက်တမ်းနှင့် မှတ်ပုံတင်လက်မှတ်သက်တမ်းတို့ကို သတ်မှတ်ခြင်း၊

(ဃ) လိုင်စင်လျှောက်ထားသူနှင့် မှတ်ပုံတင်လက်မှတ်လျှောက်ထားသူတို့၏ အရည်အချင်းနှင့် စည်းကမ်းချက်များကို သတ်မှတ်ခြင်း၊

(င) အန္တရာယ်သတိပေး အမှတ်အသားကပ်ခြင်းနှင့်စပ်လျဉ်းသည့် စည်းကမ်းချက်များကို သတ်မှတ်ခြင်းနှင့် ထုတ်ပြန်ခြင်း၊

(စ) ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ သိုလှောင်ထားရှိမည့် သိုလှောင်ရုံတည်ဆောက်သင့်သော နေရာသတ်မှတ်ခြင်း၊ သိုလှောင်ရုံနှင့်စပ်လျဉ်းသည့် စည်းကမ်းချက်များကို သတ်မှတ်ခြင်း၊

(ဆ) မူလဓာတ်ခွဲခန်းနှင့် အယူခံဓာတ်ခွဲခန်းများကို သတ်မှတ်ခြင်း၊

(ဇ) အမျိုးသားအဆင့် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများစာရင်းနှင့်စပ်လျဉ်း၍ အမျိုးအစားခွဲခြားခြင်း၊ စာရင်းထုတ်ပြန်ခြင်း၊ ယင်းတို့၏ ကန့်သတ်ချက်များကို သတ်မှတ်ခြင်းနှင့် နိုင်ငံတကာ စံချိန်စံညွှန်းများအရသော်လည်းကောင်း၊ သုတေသနစမ်းသပ်တွေ့ရှိချက်အရသော်လည်းကောင်း အမျိုးအစားခွဲခြားခြင်းကို ပြန်လည်ပြင်ဆင်ခြင်း၊

(ဈ) ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာလုပ်ငန်းတွင် အလုပ်လုပ်ကိုင်သူများ၏ ကျန်းမာရေး၊ အသက်အန္တရာယ်ကို တိုက်ရိုက်ထိခိုက်မှုနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုမှတစ်ဆင့် လူနှင့်တိရစ္ဆာန်များ၏ ကျန်းမာရေးနှင့် အသက်အန္တရာယ်အား သွယ်ဝိုက်ထိခိုက်မှုတို့ကို ကြိုတင်ဆန်းစစ်မှုပြုလုပ်ခြင်းနှင့် ထိရောက်သော စီမံခန့်ခွဲမှုကို ဆောင်ရွက်ခြင်း၊

(ည) ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများကြောင့် သဘာဝပတ်ဝန်းကျင်အား ဆိုးကျိုးသက်ရောက်မှုကို ဆန်းစစ်မှုပြုလုပ်ခြင်းနှင့် ထိရောက်သော စီမံခန့်ခွဲမှုကို ဆောင်ရွက်ခြင်း၊

(ဋ) ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများကြောင့် လူနှင့်တိရစ္ဆာန်တို့၏ကျန်းမာရေးကို အန္တရာယ်ဖြစ်မှုနှင့် ပတ်ဝန်းကျင်သို့ ဆိုးကျိုးသက်ရောက်မှုအား အကဲဖြတ်ခြင်းတို့ကို ဆောင်ရွက်နိုင်ရန် လိုအပ်သော အဖွဲ့များဖွဲ့စည်း၍ တာဝန်ပေးခြင်းနှင့် အရေးယူခြင်း၊

(ဌ) ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာ အကြံပေးအဖွဲ့နှင့် အခြားပညာရပ်ဆိုင်ရာအဖွဲ့များကို လိုအပ်သလို ဖွဲ့စည်းခြင်း၊

(ဍ) ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးနှင့်စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အခါအားလျော်စွာပေးအပ်သော တာဝန်များကို ထမ်းဆောင်ခြင်း။

၄။ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဗဟိုဦးစီးအဖွဲ့၏ ရုံးလုပ်ငန်းတာဝန်များကို စက်မှုဝန်ကြီးဌာန၊ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနမှ တာဝန်ယူ ဆောင်ရွက်ရမည်။

၅။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၁ ခုနှစ်၊ ဇွန်လ ၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၁၆၈/၂၀၂၁ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၂၉၈/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၀ ရက်

(၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်)

**အမျိုးသားအဆင့် ဘူမိဥယျာဉ်ဆိုင်ရာကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ အမျိုးသားအဆင့် ဘူမိဥယျာဉ် (Geopark) များ စနစ်တကျ သတ်မှတ်တည်ထောင်ရာတွင် မူဝါဒဆိုင်ရာလုပ်ငန်းများနှင့် လိုအပ်သည့် လမ်းညွှန်ကြီးကြပ်ညှိနှိုင်းမှုများပြုလုပ်နိုင်ရန် **အမျိုးသားအဆင့် ဘူမိဥယျာဉ်ဆိုင်ရာကော်မတီ** ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး<br>ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန (၁) | အဖွဲ့ဝင် |
| (ဂ) | ဒုတိယဝန်ကြီး<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒုတိယဝန်ကြီး<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဒုတိယဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ဥက္ကဋ္ဌ<br>UNESCO အမျိုးသားကော်မရှင် | အဖွဲ့ဝင် |
| (ဆ) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်း | အဖွဲ့ဝင် |
| (ဇ) | အမြဲတမ်းအတွင်းဝန်<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အတွင်းရေးမှူး |
| (ဈ) | ညွှန်ကြားရေးမှူးချုပ်<br>သစ်တောဦးစီးဌာန<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး |

၂။ အမျိုးသားအဆင့် ဘူမိဥယျာဉ်ဆိုင်ရာကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ဘူမိဥယျာဉ်ဆိုင်ရာ လုပ်ငန်းကော်မတီအား ဖွဲ့စည်းခြင်း၊

(ခ) ဘူမိဥယျာဉ်ဆိုင်ရာ လုပ်ငန်းကော်မတီအား ကြီးကြပ်လမ်းညွှန်ခြင်း၊

(ဂ) ကမ္ဘာ့အဆင့်နှင့် အမျိုးသားအဆင့် ဘူမိဥယျာဉ်တို့သတ်မှတ်ရေးအား ကြီးကြပ်ဆောင်ရွက်ခြင်း၊

(ဃ) ကမ္ဘာ့အဆင့်နှင့် အမျိုးသားအဆင့် ဘူမိဥယျာဉ်တို့သတ်မှတ်ရေး ဆောင်ရွက်နေမှုအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြခြင်း၊

(င) ကမ္ဘာ့အဆင့်နှင့် အမျိုးသားအဆင့် ဘူမိဥယျာဉ်စီမံအုပ်ချုပ်မှုအား ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

(စ) အမျိုးသားအဆင့် ဘူမိဥယျာဉ်ဆိုင်ရာကော်မတီအစည်းအဝေးကို ပုံမှန် (၁) နှစ်လျှင် (၂) ကြိမ် ခေါ်ယူကျင်းပခြင်း၊ လိုအပ်ပါက ကြားဖြတ်အစည်းအဝေးကို ခေါ်ယူကျင်းပခြင်း၊

(ဆ) ကော်မတီအစည်းအဝေးရလဒ်များကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြခြင်း၊

(ဇ) ကော်မတီအစည်းအဝေး လမ်းညွှန်ချက်၊ ဆုံးဖြတ်ချက်များကို ဘူမိဥယျာဉ်ဆိုင်ရာ လုပ်ငန်းကော်မတီသို့ ပေးပို့ခြင်း။

၃။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၁ ခုနှစ်၊ ဧပြီလ ၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၈၄/၂၀၂၁ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

### အမိန့်ကြော်ငြာစာအမှတ် (၂၉၉/၂၀၂၁)

၁၃၈၃ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၀ ရက်
(၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်)

### ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ပြင်ဆင်ဖွဲ့စည်းခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိလယ်ယာမြေနှင့်ဆက်စပ်ပတ်သက်လျက်ရှိသည့် လယ်ယာမြေဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို လက်တွေ့လိုက်နာကျင့်သုံး အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် လယ်ယာမြေ ဥပဒေပုဒ်မ ၁၅ (ခ) အရ **ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့** ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

(က) ပြည်ထောင်စုဝန်ကြီး — ဥက္ကဋ္ဌ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ခ) ဒုတိယဝန်ကြီး — ဒုတိယဥက္ကဋ္ဌ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ဂ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ဃ) တွဲဖက်စစ်ထောက်ချုပ် (၂) — အဖွဲ့ဝင်
စစ်ထောက်ချုပ်ရုံး

(င) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြည်ထဲရေးဝန်ကြီးဌာန

| | | |
|---|---|---|
| (စ) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်တွင်းအခွန်များဦးစီးဌာန<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူးချုပ်<br>စီမံကိန်းရေးဆွဲရေးဦးစီးဌာန<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ညွှန်ကြားရေးမှူးချုပ်<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ညွှန်ကြားရေးမှူးချုပ်<br>စီမံကိန်းဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ညွှန်ကြားရေးမှူးချုပ်<br>စိုက်ပျိုးရေးဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ညွှန်ကြားရေးမှူးချုပ်<br>ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | ညွှန်ကြားရေးမှူးချုပ်<br>စက်မှုလယ်ယာဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဎ) | ညွှန်ကြားရေးမှူးချုပ်<br>ငါးလုပ်ငန်းဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဏ) | ညွှန်ကြားရေးမှူးချုပ်<br>သစ်တောဦးစီးဌာန<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (တ) | ညွှန်ကြားရေးမှူးချုပ်<br>သတ္တုတွင်းဦးစီးဌာန<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ထ) | ညွှန်ကြားရေးမှူးချုပ်<br>ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဒ) | ညွှန်ကြားရေးမှူးချုပ်<br>လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အတွင်းရေးမှူး |

၂။ ဗဟိုလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) နိုင်ငံတော်အစိုးရက ချမှတ်ပေးသော မြေယာမူဝါဒများကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ခ) တောင်သူလယ်သမားများ၏ လူနေမှုဘဝ တိုးတက်မြင့်မားစေရေးအတွက် အထောက်အကူဖြစ်စေရန် ချမှတ်ပေးသော မူဝါဒများနှင့်အညီ ဆောင်ရွက်နေသော အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဂ) လက်မှုလယ်ယာစနစ်မှ ခေတ်မီစက်မှုလယ်ယာစနစ်သို့ပြောင်းလဲနိုင်ရေး ချမှတ်ပေးသောမူဝါဒများနှင့်အညီ ကြီးကြပ်ကွပ်ကဲ ဆောင်ရွက်ခြင်း၊

(ဃ) လယ်ယာမြေလုပ်ပိုင်ခွင့် မှတ်ပုံတင်ခြင်း၊ လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ်ထုတ်ပေးခြင်း၊ လယ်ယာမြေလုပ်ပိုင်ခွင့် အငြင်းပွားမှုဖြေရှင်းခြင်းနှင့်စပ်လျဉ်း၍ လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊

(င) လယ်ယာမြေလုပ်ပိုင်ခွင့် လွှဲပြောင်းခြင်းများအတွက် ဥပဒေနှင့်အညီ စိစစ်ဆောင်ရွက်၍ ခွင့်ပြုမိန့်လက်မှတ်ထုတ်ပေးခြင်း၊ လုပ်ပိုင်ခွင့်ရရှိမှုကို မှတ်ပုံတင်ခြင်း၊ လွှဲပြောင်းမှုများကို မှတ်တမ်းတင်ခြင်းတို့နှင့်စပ်လျဉ်း၍ လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊

(စ) လယ်ယာမြေလုပ်ပိုင်ခွင့်အတွက် ပြဋ္ဌာန်းသတ်မှတ်ထားသည့် စည်းကမ်းချက်များကို လိုက်နာစေရန် ကြီးကြပ်ကွပ်ကဲခြင်း၊ စည်းကမ်းဖောက်ဖျက်မှုများကို အရေးယူဆောင်ရွက်ခြင်း၊

(ဆ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို ပြန်လည်ရုပ်သိမ်းခြင်း၊

(ဇ) နိုင်ငံတော်အကျိုးငှာဖြစ်စေ၊ အများပြည်သူအကျိုးငှာဖြစ်စေ ပြန်လည်သိမ်းယူသည့် လယ်ယာမြေများအတွက် ထိုက်သင့်သည့်နစ်နာကြေးနှင့် လျော်ကြေးကို ဒေသန္တရအခြေအနေ၊ ကာလပေါက်ဈေးတို့နှင့်အညီ သတ်မှတ်ပေးနိုင်ရေး ကြီးကြပ်ဆောင်ရွက်ခြင်း၊

(ဈ) လယ်ယာလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရန်အတွက် ရေသွင်း၊ ရေထုတ်မြောင်း တည်ဆောက်ရန်၊ ကုန်ထုတ်လမ်းများ ဖောက်လုပ်ရန်အတွက် လယ်ယာမြေကို အသုံးပြုရန်လိုအပ်ပါက အသုံးချခွင့်လျှောက်ထားမှုအပေါ် စိစစ်ခြင်း၊

(ည) ကျေးလက်နေ ပြည်သူလူထု၏ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လိုအပ်လာသော လူမှုရေးအဆောက်အအုံများဖြစ်သည့် စာသင်ကျောင်း၊ ကျန်းမာရေးဌာန၊ ဆေးရုံ၊ ဆေးပေးခန်း၊ စာကြည့်တိုက်၊ ကျေးလက်ဈေး စသည့်အဆောက်အအုံများအတွက် လယ်ယာမြေကို နည်းလမ်းတကျ အသုံးချခွင့်လျှောက်ထားမှုအပေါ် စိစစ်ခြင်း၊

(ဋ) လယ်ယာမြေကို စိုက်ပျိုးမှုမှအပ အခြားသတ်မှတ်သည့် နည်းလမ်းအတိုင်း အသုံးချရန် ဆင့်ဆိုသတ်မှတ်ခြင်း၊

(ဌ) လယ်ယာမြေကို မူလစိုက်ပျိုးလျက်ရှိသော သီးနှံအမျိုးအစားမှ အခြားသီးနှံအမျိုးအစားသို့ ပြောင်းလဲစိုက်ပျိုးရန် လျှောက်ထားမှုအပေါ် စိစစ်ခြင်း၊ ခွင့်ပြုခြင်းနှင့် ငြင်းပယ်ခြင်း၊

(ဍ) မြေနုကျွန်း လုပ်ပိုင်ခွင့်ချထားရေးနှင့် ယင်းလုပ်ပိုင်ခွင့် ရရှိသူများ၏ အခွင့်ရေးဆိုင်ရာ မူဝါဒများ ချမှတ်ခြင်း၊ လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊

(ဎ) ရွှေ့ပြောင်းတောင်ယာစနစ် ပပျောက်ရေးနှင့် ကုန်းမြင့်လှေကားထစ် လယ်ယာစိုက်ပျိုးရေးစနစ်များ တိုးတက်ထွက်ပေါ်လာရေးနှင့်စပ်လျဉ်း၍ လမ်းညွှန်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊

(ဏ) ကွဲန္တား၊ စာကျက်မြေများနှင့် ရွာဘုံမြေများ ထိန်းသိမ်းထားရှိရေးနှင့်စပ်လျဉ်း၍ ကြီးကြပ်ကွပ်ကဲဆောင်ရွက်ခြင်း၊

(တ) လယ်ယာမြေဥပဒေနှင့် နည်းဥပဒေပါပြဋ္ဌာန်းချက်များကိုဆောင်ရွက်ရန် လိုအပ်သည့်ညွှန်ကြားချက်များထုတ်ပြန်ခြင်း၊

(ထ) နေပြည်တော်ကောင်စီ/တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက်/ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့်တို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ သတ်မှတ်ခြင်း၊

( ဒ ) လယ်ယာမြေဥပဒေ အာဏာမသက်ရောက်မီ ဖြစ်ပေါ်ဆောင်ရွက်လျက်ရှိသော လယ်ယာမြေအငြင်းပွားမှုများ အယူခံစစ်ဆေးမှုများကို လယ်ယာမြေဥပဒေနှင့်အညီ ဆက်လက်အရေးယူဆောင်ရွက်နိုင်ရေး ကြီးကြပ်ဆောင်ရွက်သွားရန်၊

( ဓ ) လယ်ယာမြေဥပဒေ၊ အာဏာမသက်ရောက်မီ တင်ပြလျှောက်ထား စိစစ်ဆောင်ရွက်လျက်ရှိသော လယ်ယာမြေကို စိုက်ပျိုးမှုမှအပ အခြားနည်းဖြင့် အသုံးပြုခွင့်နှင့်စပ်လျဉ်းသည့် ကိစ္စရပ်များအား လယ်ယာမြေဥပဒေနှင့်အညီ ဆက်လက်အရေးယူဆောင်ရွက်နိုင်ရေး ကြီးကြပ်ဆောင်ရွက်သွားရန်၊

( န ) လယ်ယာမြေနှင့် လယ်ယာစီမံခန့်ခွဲမှုဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့က အခါအားလျော်စွာ ပေးအပ်သည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

၃။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၁/၂၀၂၁ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## အမိန့်ကြော်ငြာစာအမှတ် (၃၀၀/၂၀၂၁)

၁၃၈၃ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၀ ရက်
(၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်)

## အမျိုးသားအဆင့် ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေ ပုဒ်မ ၄ (က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ **အမျိုးသားအဆင့်ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးကော်မတီ** ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်–

(က) ပြည်ထောင်စုဝန်ကြီး — ဥက္ကဋ္ဌ
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

( ခ ) ဒုတိယဝန်ကြီး — ဒုတိယဥက္ကဋ္ဌ
ပြည်ထဲရေးဝန်ကြီးဌာန

| | | |
|---|---|---|
| (ဂ) | ဝန်ကြီးချုပ်မှ တာဝန်ပေးအပ်သော ဝန်ကြီး ၁ ဦး<br>ကချင်ပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ဃ) | ဝန်ကြီးချုပ်မှ တာဝန်ပေးအပ်သော ဝန်ကြီး ၁ ဦး<br>ကယားပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (င) | ဝန်ကြီးချုပ်မှ တာဝန်ပေးအပ်သော ဝန်ကြီး ၁ ဦး<br>ကရင်ပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (စ) | ဝန်ကြီးချုပ်မှ တာဝန်ပေးအပ်သော ဝန်ကြီး ၁ ဦး<br>ချင်းပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ဆ) | ဝန်ကြီးချုပ်မှ တာဝန်ပေးအပ်သော ဝန်ကြီး ၁ ဦး<br>စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ဇ) | ဝန်ကြီးချုပ်မှ တာဝန်ပေးအပ်သော ဝန်ကြီး ၁ ဦး<br>တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ဈ) | ဝန်ကြီးချုပ်မှ တာဝန်ပေးအပ်သော ဝန်ကြီး ၁ ဦး<br>ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ည) | ဝန်ကြီးချုပ်မှ တာဝန်ပေးအပ်သော ဝန်ကြီး ၁ ဦး<br>မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ဋ) | ဝန်ကြီးချုပ်မှ တာဝန်ပေးအပ်သော ဝန်ကြီး ၁ ဦး<br>မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ဌ) | ဝန်ကြီးချုပ်မှ တာဝန်ပေးအပ်သော ဝန်ကြီး ၁ ဦး<br>မွန်ပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ဍ) | ဝန်ကြီးချုပ်မှ တာဝန်ပေးအပ်သော ဝန်ကြီး ၁ ဦး<br>ရခိုင်ပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ဎ) | ဝန်ကြီးချုပ်မှ တာဝန်ပေးအပ်သော ဝန်ကြီး ၁ ဦး<br>ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ဏ) | ဝန်ကြီးချုပ်မှ တာဝန်ပေးအပ်သော ဝန်ကြီး ၁ ဦး<br>ရှမ်းပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (တ) | ဝန်ကြီးချုပ်မှ တာဝန်ပေးအပ်သော ဝန်ကြီး ၁ ဦး<br>ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ထ) | အမြဲတမ်းအတွင်းဝန်<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဒ) | ညွှန်ကြားရေးမှူးချုပ်<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဓ) | ညွှန်ကြားရေးမှူးချုပ်<br>ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | အတွင်းရေးမှူး |

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၁ ခုနှစ်၊ ဧပြီလ ၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၉၄/၂၀၂၁ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## အမိန့်ကြော်ငြာစာအမှတ် (၃၀၁/၂၀၂၁)

၁၃၈၃ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၀ ရက်
(၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်)

## မြန်မာ – တရုတ် စီးပွားရေး၊ ကုန်သွယ်ရေးနှင့် နည်းပညာပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း

၁။ မြန်မာ-တရုတ် နှစ်နိုင်ငံအကြား စီးပွားရေး၊ ကုန်သွယ်ရေးနှင့် နည်းပညာပူးပေါင်းဆောင်ရွက်ရေး အတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်မှုများကို ကြီးကြပ်ညှိနှိုင်းဆောင်ရွက်ရန် **မြန်မာ-တရုတ် စီးပွားရေး၊ ကုန်သွယ်ရေးနှင့် နည်းပညာပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကော်မတီ** ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

(က) ဒုတိယဝန်ကြီး — ဥက္ကဋ္ဌ
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

(ခ) ဦးဆောင်ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

(ဂ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

(ဃ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ငွေတိုက်ဦးစီးဌာန
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

(င) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
စီမံကိန်းဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(စ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

| | | |
|---|---|---|
| (ဆ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့မီးရထား<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ညွှန်ကြားရေးမှူးချုပ်<br>လျှပ်စစ်စွမ်းအားစီမံရေးဦးစီးဌာန<br>လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ညွှန်ကြားရေးမှူးချုပ်<br>ရေနံနှင့် သဘာဝဓာတ်ငွေ့စီမံရေးဦးစီးဌာန<br>လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ညွှန်ကြားရေးမှူးချုပ်<br>စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန<br>စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ညွှန်ကြားရေးမှူးချုပ်<br>ကုန်သွယ်ရေးဦးစီးဌာန<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | ညွှန်ကြားရေးမှူးချုပ်<br>အဆောက်အဦဦးစီးဌာန<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဎ) | ညွှန်ကြားရေးမှူးချုပ်<br>လမ်းဦးစီးဌာန<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဏ) | ညွှန်ကြားရေးမှူးချုပ်<br>တံတားဦးစီးဌာန<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (တ) | ညွှန်ကြားရေးမှူးချုပ်<br>မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ထ) | ညွှန်ကြားရေးမှူးချုပ်<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | အဖွဲ့ဝင် |
| (ဒ) | အမြဲတမ်းအတွင်းဝန်<br>ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန | အတွင်းရေးမှူး |
| (ဓ) | ညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန<br>ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး |

၂။ မြန်မာ–တရုတ် စီးပွားရေး၊ ကုန်သွယ်ရေးနှင့် နည်းပညာပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) မြန်မာ–တရုတ် နှစ်နိုင်ငံအကြား စီးပွားရေး၊ ကုန်သွယ်ရေးနှင့် နည်းပညာပူးပေါင်းဆောင်ရွက်မှု အစီအစဉ်ဖြင့် အဓိကကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေးကို ညှိနှိုင်းစီမံဆောင်ရွက်ရန်၊

(ခ) မြန်မာ–တရုတ် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုတိုးချဲ့ရန်၊ ဦးစားပေးကဏ္ဍများ ဆွေးနွေးညှိနှိုင်းရန်နှင့် နှစ်ဖက်အကျိုးရှိမည့် နယ်ပယ်သစ်များ ညှိနှိုင်းရှာဖွေရန်၊

(ဂ) ပူးပေါင်းဆောင်ရွက်မှု ကဏ္ဍအသီးသီးတွင် တိုးတက်မှုအခြေအနေများကို ပုံမှန် အကဲဖြတ်ဆောင်ရွက်ရန်နှင့် ပူးပေါင်းဆောင်ရွက်ရာတွင် တွေ့ကြုံရသည့်အခက်အခဲများအား ဆွေးနွေးညှိနှိုင်းရန်၊

(ဃ) နှစ်နိုင်ငံအကြား ကာလတိုနှင့် နှစ်စဉ် ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်များ ရွေးချယ်သတ်မှတ်ရန်နှင့် လုပ်ငန်းစဉ်များ ရေးဆွဲရန်။

၃။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၁ ခုနှစ်၊ ဧပြီလ ၁၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၀၉/၂၀၂၁ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## အမိန့်ကြော်ငြာစာအမှတ် (၃၀၂/၂၀၂၁)

၁၃၈၃ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၀ ရက်
(၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်)

**Coronavirus Disease 2019 (COVID–19) ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ **Coronavirus Disease 2019 (COVID–19) ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ** ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်–

(က) ပြည်ထောင်စုဝန်ကြီး　ဥက္ကဋ္ဌ
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

(ခ) ဒုတိယဝန်ကြီး　အဖွဲ့ဝင်
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

(ဂ) ဒုတိယဝန်ကြီး　အဖွဲ့ဝင်
အလုပ်သမားဝန်ကြီးဌာန

(ဃ) ဒုတိယဝန်ကြီး　အဖွဲ့ဝင်
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(င) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန

(စ) ဒုတိယဥက္ကဋ္ဌ — အဖွဲ့ဝင်
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

(ဆ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(ဇ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(ဈ) အမြဲတမ်းအတွင်းဝန် — အတွင်းရေးမှူး
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

၂။ Coronavirus Disease 2019 (COVID–19) ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများ အပေါ်ကုစားရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) COVID–19 ကြောင့် စီးပွားရေးလုပ်ငန်းများအပေါ် ထိခိုက်မှုများကို ကုစားရာတွင် ကာလတိုအတွင်း ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် အငယ်စား၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ပုံမှန်လည်ပတ်ဆောင်ရွက်နိုင်ရန် စီးပွားရေးနှင့်သက်ဆိုင်သည့် မူဝါဒပိုင်းဆိုင်ရာ ဖြေလျှော့မှုများနှင့် ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်နိုင်မည့်အစီအစဉ်များ ရေးဆွဲဆောင်ရွက်ရန်နှင့် ရေးဆွဲထားပြီး ဆောင်ရွက်နေသည့် အစီအမံများနှင့် မူဝါဒများကို ပြန်လည်သုံးသပ်ဆောင်ရွက်ရန်၊

(ခ) အလုပ်အကိုင်သစ်များ ဖန်တီးပေးရေးနှင့် အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ ပညာရပ်များ လေ့ကျင့် သင်ကြားနိုင်ရေးတို့ကို အားပေးကူညီဖော်ဆောင်ရန်၊

(ဂ) နိုင်ငံတော်စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို အဓိကအထောက်အကူပြုနိုင်သည့် ကုန်ထုတ်လုပ်မှုလုပ်ငန်း များနှင့်စပ်လျဉ်း၍ Supply Chain တစ်ခုလုံးအတွက် လိုအပ်သည့်ပစ္စည်းများကို ထုတ်လုပ်နိုင်ရေးနှင့် ယင်းထုတ်လုပ်မှုလုပ်ငန်းစဉ်များကို ပြည်တွင်း၌ပင် ဆောင်ရွက်နိုင်ရေးအတွက် အစိုးရနှင့် ပုဂ္ဂလိက ကဏ္ဍ နှစ်ဦးနှစ်ဖက်ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(ဃ) COVID–19 ကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများကို ကာလတိုအတွင်း အထောက်အပံ့ပြုနိုင်မည့် ဘဏ္ဍာရေးဆိုင်ရာပြုပြင်ပြောင်းလဲမှုများကိုဆောင်ရွက်ပေးနိုင်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးသို့ သုံးသပ်အကြံပြုတင်ပြရန်၊

(င) COVID–19 ကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ လည်ပတ်လုပ်ကိုင် ဆောင်ရွက်နိုင်ရေးအတွက် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့် လုပ်ထုံးလုပ်နည်းပိုင်းဆိုင်ရာ ပြုပြင် ပြောင်းလဲမှုများ ဆောင်ရွက်ပေးနိုင်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးသို့ သုံးသပ်အကြံပြု တင်ပြရန်၊

(စ) COVID–19 ကြောင့် ထိခိုက်ခဲ့သည့် အငယ်စား၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ လျင်မြန်စွာပြန်လည်ရှင်သန်ဖွံ့ဖြိုးလာစေရေးအတွက် ဆောင်ရွက်ပေးရန်လိုအပ်သည့် လုပ်ငန်းစဉ်များကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးသို့ သုံးသပ်အကြံပြုတင်ပြရန်၊

(ဆ) သက်သာသည့် အတိုးနှုန်းဖြင့် ချေးငွေများထုတ်ပေးရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ စီးပွားရေးဦးတည်ချက်များကိုအခြေခံ၍ အကျိုးရလဒ် ထိရောက်လျင်မြန်စွာရရှိနိုင်မည့် လုပ်ငန်း/ ကဏ္ဍများသို့ ဦးစားပေးထုတ်ချေးနိုင်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးသို့ သုံးသပ်အကြံပြု တင်ပြရန်၊

(ဇ) COVID-19 ကာလအတွင်းနှင့် COVID-19 ကာလပြီးနောက် စီးပွားရေးကဏ္ဍအသီးသီးတွင် Online Platformဖြင့်လွယ်ကူမြန်ဆန်သည့်အစိုးရဝန်ဆောင်မှုလုပ်ငန်းများအပြည့်အဝပံ့ပိုးပေးနိုင်ရန် ဒီဂျစ်တယ် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်နိုင်မည့် အစီအစဉ်များကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးသို့ သုံးသပ်အကြံပြုတင်ပြရန်၊

(ဈ) ပို့ကုန်မြှင့်တင်ရေးနှင့် သွင်းကုန်အစားထိုးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရာတွင် လွယ်ကူချောမွေ့ စေရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်၊

(ည) COVID-19 ကြောင့် ထိခိုက်မှုရှိနေသည့် ဟိုတယ်နှင့် ခရီးသွားကဏ္ဍနှင့် ဆက်စပ်လုပ်ငန်းများ မူလ အခြေအနေသို့ ပြန်လည်ရောက်ရှိစေရေးအတွက် လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးရန်၊

(ဋ) COVID-19 ကြောင့် လုပ်ငန်းလည်ပတ်မှု လုံးဝမပြုနိုင်သည်အထိ ထိခိုက်မှုခံနေရသော စီးပွားရေး လုပ်ငန်းများ၊ ၎င်းလုပ်ငန်းများနှင့် ဆက်စပ်သည့်လုပ်ငန်းများ ဆက်လက်ရပ်တည်ရှင်သန်နိုင်စေရန် ကုစားမှုအဖြစ် အဆိုပါစီးပွားရေးလုပ်ငန်းများက ငှားရမ်းအသုံးပြုနေသည့် နိုင်ငံတော်ပိုင်မြေ၊ အဆောက်အဦနှင့် အရင်းအမြစ်များ၏ ငှားရမ်းခများကိုသင့်တော်သည့်နှုန်းထားပြင်ဆင်သတ်မှတ်မှုအား ကာလသတ်မှတ်၍ ခွင့်ပြုပေးနိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာနများ၏ တင်ပြချက်အပေါ်လိုအပ်သလို စိစစ်ပေးနိုင်ရေးနှင့် လိုအပ်ပါက မူဝါဒချမှတ်နိုင်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ သုံးသပ် တင်ပြရန်။

၃။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၁-၂-၂၀၂၁ ရက်စွဲပါ အမိန့်အမှတ် ၅၀/၂၀၂၁ နှင့် ၂၉-၄-၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၂၈/၂၀၂၁ တို့ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက် လိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၃၀၃/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၀ ရက်

(၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်)

**တရုတ် - မြန်မာ စီးပွားရေးစင်္ကြံပူးတွဲကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၄၁၉ အရ **တရုတ်-မြန်မာ စီးပွားရေးစင်္ကြံပူးတွဲကော်မတီ** ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်း လိုက်သည်-

(က) ပြည်ထောင်စုဝန်ကြီး　　ဥက္ကဋ္ဌ
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

| | | |
|---|---|---|
| (ခ) | ဒုတိယဝန်ကြီး<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ဒုတိယဝန်ကြီး/ဒုတိယရှေ့နေချုပ်<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒုတိယဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဒုတိယဝန်ကြီး<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ဒုတိယဝန်ကြီး<br>လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဒုတိယဝန်ကြီး<br>စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဒုတိယဝန်ကြီး<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဒုတိယဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | နေပြည်တော်ကောင်စီအဖွဲ့ဝင်<br>နေပြည်တော်ကောင်စီ | အဖွဲ့ဝင် |
| (ဋ) | ဝန်ကြီး<br>စီးပွားရေးရာဝန်ကြီးဌာန<br>မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ဌ) | ဝန်ကြီး<br>စီးပွားရေးရာဝန်ကြီးဌာန<br>မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ဍ) | ဝန်ကြီး<br>စီးပွားရေးရာဝန်ကြီးဌာန<br>ရခိုင်ပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ဎ) | ဝန်ကြီး<br>စီးပွားရေးရာဝန်ကြီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ဏ) | ဝန်ကြီး<br>စီးပွားရေးရာဝန်ကြီးဌာန<br>ရှမ်းပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |

(တ) ဝန်ကြီး အဖွဲ့ဝင်
စီးပွားရေးရာဝန်ကြီးဌာန
ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့

(ထ) ဒုတိယဥက္ကဋ္ဌ အဖွဲ့ဝင်
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

(ဒ) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
နိုင်ငံခြားရေးဝန်ကြီးဌာန

(ဓ) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(န) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန

(ပ) ညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး
စီမံကိန်းရေးဆွဲရေးဦးစီးဌာန
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

(ဖ) ညွှန်ကြားရေးမှူးချုပ် တွဲဖက်အတွင်းရေးမှူး
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

၂။ တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ ပူးတွဲကော်မတီ၏ အဓိကလုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) နှစ်နိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ စီမံကိန်းများကို အပြန်အလှန်အကျိုးရှိရှိ ဆောင်ရွက်ခြင်း၊ အတွေ့အကြုံဖလှယ်ခြင်း၊ စီးပွားရေးစင်္ကြံ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သက်ဆိုင်သည့် အထွေထွေ အလေ့အထနှင့် အဓိကကျသော ကိစ္စရပ်များကို အဆိုပြုခြင်းနှင့် လေ့လာခြင်း၊ ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းအဖွဲ့များဖွဲ့စည်းခြင်းနှင့် ယင်းလုပ်ငန်းအဖွဲ့များ၏ လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်းနှင့် အထောက်အပံ့ပြုနိုင်သောမူဝါဒများ ပေါင်းစပ်ဆောင်ရွက်ခြင်းအားဖြင့် နားလည်မှုစာချွန်လွှာကို အပြည့်အဝ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ခ) စီးပွားရေးဆိုင်ရာ နယ်ပယ်အသီးသီးတွင် နှစ်နိုင်ငံအတွေ့အကြုံဖလှယ်မှုများနှင့် ပူးပေါင်းဆောင်ရွက်မှု တို့ကို မြှင့်တင်ခြင်း၊

(ဂ) အဓိကစီမံချက်များ၊ လုပ်ငန်းကဏ္ဍများကို ဆုံးဖြတ်ခြင်းနှင့် လုပ်ငန်းစီမံကိန်းများ၏ စံချိန်စံညွှန်းနှင့် အရည်အသွေးကို မြှင့်တင်ဆောင်ရွက်ခြင်း၊

(ဃ) စီးပွားရေးစင်္ကြံဆိုင်ရာ လုပ်ငန်းတိုးတက်မှု အခြေအနေကို နှစ်ဖက်အစိုးရများသို့ အစီရင်ခံခြင်း။

၃။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၁ ခုနှစ်၊ မတ်လ ၁၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၅၇/၂၀၂၁ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၃၀၄/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၀ ရက်

(၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်)

**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်အဟုန်မပျက် ဆောင်ရွက်နိုင်ရန် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေး ဥပဒေပုဒ်မ ၄ (က) နှင့်အညီ **နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးဗဟိုကော်မတီ** ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | နိုင်ငံတော်ဝန်ကြီးချုပ် | ဥက္ကဋ္ဌ |
| ( ခ ) | ဒုတိယဝန်ကြီးချုပ် | ဒုတိယဥက္ကဋ္ဌ |
| ( ဂ ) | ပြည်ထောင်စုဝန်ကြီး<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( င ) | ဝန်ကြီးချုပ်<br>တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| ( စ ) | ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူး<br>ပြည်သူ့စစ်နှင့် နယ်ခြားတပ်များ<br>ညွှန်ကြားရေးမှူးရုံး | အဖွဲ့ဝင် |
| ( ဇ ) | ပြည်ထောင်စုဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အတွင်းရေးမှူး |
| (ဈ) | ဒုတိယဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး |

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၁ ခုနှစ်၊ မတ်လ ၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃၄/၂၀၂၁ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၃၀၅/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၀ ရက်

(၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်)

**မြန်မာ – ထိုင်း အတွင်းပိုင်းရေပြင် (Internal Waters) နယ်နိမိတ်သတ်မှတ်ရေးနှင့် ပတ်ချန်မြစ်ဝရှိ ကျွန်း (၃) ကျွန်း ကိစ္စနှင့်ပတ်သက်၍ ဖြေရှင်းဆောင်ရွက်နိုင်ရေးအတွက် ဦးစီးကော်မတီနှင့် ဥပဒေရေးရာနှင့် နည်းပညာကျွမ်းကျင်မှု ဆပ်ကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် မြန်မာ–ထိုင်း ကုန်းနယ်နိမိတ် အငြင်းပွားနေရာများနှင့် ပတ်ချန်မြစ်ဝရှိ ကျွန်း (၃) ကျွန်းကိစ္စတို့နှင့်စပ်လျဉ်း၍ ဖြေရှင်းဆောင်ရွက်နိုင်ရေးအတွက် **ဦးစီးကော်မတီ** ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်–

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုဝန်ကြီး<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ဒုတိယဝန်ကြီး<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဒုတိယဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ဒုတိယဝန်ကြီး<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | အမြဲတမ်းအတွင်းဝန်<br>ပြည်ထောင်စုအစိုးရအဖွဲ့ရုံး | အဖွဲ့ဝင် |
| (ဇ) | အမြဲတမ်းအတွင်းဝန်<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ညွှန်ကြားရေးမှူးချုပ်<br>ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အတွင်းရေးမှူး |

၂။ ဦးစီးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) ပြည်ထောင်စုအစိုးရအဖွဲ့က ချမှတ်ပေးထားသော မူဝါဒဘောင်အတွင်းမှ မြန်မာ–ထိုင်း အတွင်းပိုင်းရေပြင်နယ်နိမိတ်သတ်မှတ်ရန်နှင့် ပတ်ချန်မြစ်ဝရှိ ကျွန်း (၃)ကျွန်းကိစ္စနှင့်စပ်လျဉ်း၍ ဥပဒေနှင့် နည်းပညာအရ ကြိုတင်ပြင်ဆင်ရှာဖွေလေ့လာရေးကိစ္စတို့ကို တာဝန်ယူဆောင်ရွက်ရန်၊

(ခ) လျှို့ဝှက်စွာ ကြိုတင်ပြင်ဆင်ဆောင်ရွက်နေသည့်ကိစ္စဖြစ်သည်နှင့်အညီ သတင်းလုံခြုံရေးကို ထိန်းသိမ်းရန်၊

(ဂ) မြန်မာ-ထိုင်း အတွင်းပိုင်း ရေပြင်နယ်နိမိတ်နှင့် ပတ်သက်၍ ကျွန်း (၃) ကျွန်းကိစ္စနှင့်စပ်လျဉ်းသည့် သမိုင်းသက်သေခံ အထောက်အထားများ၊ အခြားအထောက်အပံ့ပြုမည့် အချက်အလက်များ ရှာဖွေစုဆောင်းပံ့ပိုးကူညီရန်နှင့် ရှေ့အလားအလာကို လေ့လာဆန်းစစ်သုံးသပ်တင်ပြရန်၊

(ဃ) ဥပဒေရေးရာနှင့် နည်းပညာကျွမ်းကျင်မှု ဆပ်ကော်မတီကို လိုအပ်သည့် အရေအတွက်ဖြင့် ကျစ်လျစ်စွာ ဖွဲ့စည်းရန်၊ ယင်းဆပ်ကော်မတီ၏ လုပ်ငန်းများဆောင်ရွက်ရာတွင် မြန်ဆန်ထိရောက်မှုရှိစေရေး အတွက် လုပ်ထုံးလုပ်နည်း "မူ" များကို ချမှတ်ရန်၊

(င) အဆိုပါ ဆပ်ကော်မတီ၏ လုပ်ငန်းများကို ကြီးကြပ်ရန်၊ ဆောင်ရွက်မှုနှင့် ဖြစ်ပေါ်နေသော အခြေအနေများအားလုံးကို တင်ပြရန်၊

(စ) လိုအပ်ပါက ဆပ်ကော်မတီဝင်များ ဖြည့်စွက်ခန့်ထားရန်၊

(ဆ) ပြည်ပရှေ့နေများနှင့် နည်းပညာကျွမ်းကျင်သူများကို ငှားရမ်း၍ အကြံပြုချက်ရယူရန် လိုအပ်ပါက ငှားရမ်းရေးအတွက် နိုင်ငံခြားငွေ ကုန်ကျစရိတ် ရရှိရေးတင်ပြခွင့်ပြုချက်ရယူရန်။

၃။ ဦးစီးကော်မတီ၏ လုပ်ငန်းများကို ထိရောက်လျင်မြန်စွာ ဆောင်ရွက်နိုင်ရန် ဥပဒေရေးရာနှင့် နည်းပညာကျွမ်းကျင်မှု ဆပ်ကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ညွှန်ကြားရေးမှူးချုပ်<br>ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဗိုလ်မှူးကြီးရဲလွင်<br>တပ်မှူး၊ ရေတပ်ပင်မတိုင်းတာရေးတပ်<br>ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ) | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူးချုပ်<br>အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ညွှန်ကြားရေးမှူးချုပ်<br>ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူးချုပ်<br>သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူးချုပ်<br>ငါးလုပ်ငန်းဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ညွှန်ကြားရေးမှူးချုပ်<br>ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဈ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
မြေတိုင်းဦးစီးဌာန
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ည) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
သစ်တောဦးစီးဌာန
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ဋ) ဒေါက်တာသူရဦး — အဖွဲ့ဝင်
ပါမောက္ခချုပ်၊ မုံရွာတက္ကသိုလ်
ပညာရေးဝန်ကြီးဌာန

(ဌ) ဒေါက်တာဥမ္မာကျော် — အဖွဲ့ဝင်
ပါမောက္ခချုပ်၊ ရန်ကုန်အဝေးသင်တက္ကသိုလ်
ပညာရေးဝန်ကြီးဌာန

(ဍ) ဒေါက်တာမြင့်မြင့်ခိုင် — အဖွဲ့ဝင်
ကျောင်းအုပ်ကြီး၊ ပခုက္ကူနည်းပညာတက္ကသိုလ်
သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန

(ဎ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
နယ်နိမိတ်ဌာန၊ ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန
နိုင်ငံခြားရေးဝန်ကြီးဌာန

(ဏ) ပါမောက္ခ/ဌာနမှူး — အဖွဲ့ဝင်
ဥပဒေပညာဌာန၊ ရန်ကုန်တက္ကသိုလ်
ပညာရေးဝန်ကြီးဌာန

(တ) ဒေါက်တာခင်မာရီ — အဖွဲ့ဝင်
ပါမောက္ခ (ငြိမ်း)၊ ဥပဒေပညာဌာန
ရန်ကုန်တက္ကသိုလ်
ပညာရေးဝန်ကြီးဌာန

(ထ) ဒေါက်တာတင်မေထွန်း — အဖွဲ့ဝင်
ပါမောက္ခ(ငြိမ်း)၊ ဥပဒေပညာဌာန
ရန်ကုန်အဝေးသင်တက္ကသိုလ်
ပညာရေးဝန်ကြီးဌာန

(ဒ) ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်
ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)

(ဓ) ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်
ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ)

(န) ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်
ရေကြောင်းရဲတပ်ဖွဲ့
ပြည်ထဲရေးဝန်ကြီးဌာန

(ပ) ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်
ဥပဒေရေးရာဝန်ကြီးဌာန

(ဖ) ဒေါက်တာဇော်မင်းအောင် — အတွင်းရေးမှူး
ညွှန်ကြားရေးမှူး
အပြည်ပြည်ဆိုင်ရာဥပဒေနှင့် စာချုပ်များဌာန
ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန
နိုင်ငံခြားရေးဝန်ကြီးဌာန

(ဗ) အရာထမ်းတစ်ဦး — တွဲဖက်အတွင်းရေးမှူး
အပြည်ပြည်ဆိုင်ရာဥပဒေနှင့် စာချုပ်များဌာန
ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန
နိုင်ငံခြားရေးဝန်ကြီးဌာန

၄။ ဥပဒေရေးရာနှင့် နည်းပညာကျွမ်းကျင်မှုဆပ်ကော်မတီ၏ တာဝန်ဝတ္တရားများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

(က) မြန်မာ–ထိုင်း အတွင်းပိုင်း ရေပြင်နယ်နိမိတ်နှင့် ပတ်သက်ချန်မြစ်ဝရှိ ကျွန်း (၃) ကျွန်းကိစ္စနှင့် စပ်လျဉ်းသည့် သမိုင်းအထောက်အထားများ၊ သက်သေခံအချက်အလက်များ၊ အခြားအထောက် အပံ့ပြုမည့် အချက်အလက်များ၊ ဥပဒေအထောက်အထားနှင့် အချက်အလက်များအား ရှာဖွေ စုဆောင်းပံ့ပိုးကူညီရန်၊ ရှာဖွေတွေ့ရှိသည့် ဥပဒေအထောက်အထားများ (Case Study အပါအဝင်) နှင့် အချက်အလက်များအား ဆပ်ကော်မတီအတွင်း ဆွေးနွေးရန်၊ ရှေ့အလားအလာကို လေ့လာ ဆန်းစစ်သုံးသပ်တင်ပြရန်၊

(ခ) နည်းပညာပိုင်းဆိုင်ရာ အကြံဉာဏ်၊ အထောက်အထားနှင့် အချက်အလက်များအား စုဆောင်း ရှာဖွေရန်၊ ရေပုံများ ရှာဖွေပေးရန်၊ လိုအပ်သည့် အထောက်အကူပြုမြေပုံ၊ ရေပုံများ ပြုစုထားရန်၊

(ဂ) တစ်ဖက်နိုင်ငံက ဥပဒေအကြောင်းအရ ဖြေရှင်းရန် ဆောင်ရွက်လာပါက ကူညီပံ့ပိုးနိုင်မည့် ဥပဒေ ရေးရာနှင့် နည်းပညာဆိုင်ရာ အကိုးအကား၊ အချက်အလက်၊ အထောက်အထားများကို ပြုစုထား ရန်၊ အပြည်ပြည်ဆိုင်ရာအငြင်းပွားမှုကိစ္စရပ်များ ဖြေရှင်းရေးနှင့်ပတ်သက်သည့် ဥပဒေရေးရာနှင့် နည်းပညာဆိုင်ရာလုပ်ထုံးလုပ်နည်းများအား Case Study ပြုလုပ်ထားရန်၊

(ဃ) တစ်ဖက်နိုင်ငံမှ တင်ပြလာနိုင်မည့် အချက်အလက်များအတွက် ချေပနိုင်ရန် ဥပဒေရေးရာနှင့် နည်းပညာဆိုင်ရာ အချက်အလက် အထောက်အထားများအတွက် ရှာဖွေလေ့လာပြုစုထားရန်နှင့် မိမိနိုင်ငံဘက်မှ ခိုင်မာစွာသက်သေပြနိုင်မည့် အချက်အလက်များကို ရှာဖွေစုဆောင်းရန်၊

(င) မိမိ၏ လုပ်ဆောင်ချက်များကို ဦးစီးကော်မတီသို့ တင်ပြအစီရင်ခံရန်၊

(စ) ဆပ်ကော်မတီအတွင်း ဆုံးဖြတ်ရန်ခက်ခဲသောကိစ္စရပ်များ ပေါ်ပေါက်လာပါက ဦးစီးကော်မတီသို့ တင်ပြလမ်းညွှန်ချက် ခံယူဆောင်ရွက်ရန်။

၅။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၁ ခုနှစ်၊ ဧပြီလ ၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၈၈/၂၀၂၁ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

မှတ်ချက်။ ဦးစီးကော်မတီနှင့် ဆပ်ကော်မတီတို့၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ပြည်တွင်း ပြည်ပ ကုန်ကျစရိတ်များကို သတ်မှတ်ထားသည့် အထူးရန်ပုံငွေမှ သုံးစွဲရန်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၃၀၆/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၀ ရက်

(၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်)

**နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်း သယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှု ဗဟိုကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံ၏ကမ်းရိုးတန်းနှင့် ဒီရေတောကဏ္ဍဆိုင်ရာ စီမံအုပ်ချုပ်မှုလုပ်ငန်းများ ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရန်အတွက် **နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်းသယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှု ဗဟိုကော်မတီ (Coastal Resources Management Central Committee–CRMCC)** ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်–

| | | |
|---|---|---|
| (က) | ဒုတိယဝန်ကြီးချုပ် | ဥက္ကဋ္ဌ |
| ( ခ ) | ပြည်ထောင်စုဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဂ ) | ပြည်ထောင်စုဝန်ကြီး<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဝန်ကြီးချုပ်<br>တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| ( င ) | ဝန်ကြီးချုပ်<br>ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| ( စ ) | ဝန်ကြီးချုပ်<br>မွန်ပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ဆ) | ဝန်ကြီးချုပ်<br>ရခိုင်ပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| ( ဇ ) | ဝန်ကြီးချုပ်<br>ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ဈ) | ဝန်ကြီးချုပ်<br>ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ည) | ကာကွယ်ရေးဦးစီးချုပ် (ရေ) | အဖွဲ့ဝင် |
| ( ဋ ) | ဒုတိယဝန်ကြီး<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဌ ) | အမြဲတမ်းအတွင်းဝန်<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဍ ) | အမြဲတမ်းအတွင်းဝန်<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| ( ဎ ) | အမြဲတမ်းအတွင်းဝန်<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဏ) | အမြဲတမ်းအတွင်းဝန်<br>လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (တ) | အမြဲတမ်းအတွင်းဝန်<br>စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ထ) | အမြဲတမ်းအတွင်းဝန်<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဒ ) | အမြဲတမ်းအတွင်းဝန်<br>ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဓ ) | အမြဲတမ်းအတွင်းဝန်<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အတွင်းရေးမှူး |
| ( န ) | ညွှန်ကြားရေးမှူးချုပ်<br>သစ်တောဦးစီးဌာန<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး(၁) |
| ( ပ ) | ညွှန်ကြားရေးမှူးချုပ်<br>ငါးလုပ်ငန်းဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး(၂) |

၂။ နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်း သယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှု ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) နိုင်ငံအဆင့် ကမ်းရိုးတန်း သယံဇာတဘက်စုံစီမံအုပ်ချုပ်လုပ်ကိုင်မှုဆိုင်ရာ မူဝါဒ၊ မဟာဗျူဟာ၊ ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ ပြဋ္ဌာန်းရန်နှင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကြီးကြပ်လမ်းညွှန်မှုပြုရန်၊

( ခ ) နိုင်ငံ၏ ပင်လယ်ကမ်းရိုးတန်း သယံဇာတများနှင့်စပ်လျဉ်းသည့် သတင်းအချက်အလက် စီမံခန့်ခွဲမှုစနစ်တစ်ခု တည်ထောင်ရန်အတွက် ကြီးကြပ်လမ်းညွှန်မှုပေးရန်၊

( ဂ ) နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်းဒေသ ဘက်စုံစီမံအုပ်ချုပ်လုပ်ကိုင်မှု အစီအစဉ် (Integrated Coastal Resources Management Programme) တစ်ရပ် ရေးဆွဲချမှတ်ရန်နှင့် အဆိုပါ အစီအစဉ်အပေါ်တွင်အခြေခံ၍ ဒေသအလိုက်စီမံချက်များ ရေးဆွဲအကောင်အထည်ဖော်ရန်အတွက် ကြီးကြပ်လမ်းညွှန်မှုပေးရန်၊

(ဃ) နိုင်ငံ၏ ပင်လယ်ကမ်းရိုးတန်းဒေသရှိ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရန်အတွက် လက်ရှိသဘာဝနယ်မြေ (Protected Areas) များအား စနစ်တကျ ထိန်းသိမ်းကာကွယ်နိုင်ရန်တို့အတွက် ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် သက်ဆိုင်ရာဌာနများအကြား ပူးပေါင်းဆောင်ရွက်ရေးအတွက် ကြီးကြပ်လမ်းညွှန်မှုပေးရန်၊

( င ) ကမ်းရိုးတန်းနှင့် ပင်လယ်ပြင်ဇေရိယာများ ဆက်စပ်လျက်ရှိသော ဒေသတွင်းနိုင်ငံများနှင့် ပင်လယ်ကမ်းရိုးတန်းဒေသရှိ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေး၊ သုတေသနနှင့် နည်းပညာဖလှယ်ရေးလုပ်ငန်းများ၌ ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် ကြီးကြပ်လမ်းညွှန်မှုပေးရန်၊

(စ) မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးထားသော အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းများ (Convention on Biological Diversity (CBD) ၊ United Nations Framework Convention on Climate Change စသည်) နှင့် ကတိကဝတ်များ (Agenda 21) စသည်တို့ကို အကောင်အထည်ဖော်ရာတွင် ကမ်းရိုးတန်းဂေဟစနစ်များ ထိန်းသိမ်းကာကွယ်ခြင်းနှင့် စနစ်တကျ ဘက်စုံစီမံအုပ်ချုပ်လုပ်ကိုင်ခြင်း လုပ်ငန်းများဖြင့် အထောက်အကူပြုနိုင်ရန်အတွက် သက်ဆိုင်ရာဌာနများ အချင်းချင်းအကြားတွင်လည်းကောင်း၊ သက်ဆိုင်ရာဌာနများနှင့် အခြားအကျိုးဆက်စပ်ပတ်သက်သူများ (ပုဂ္ဂလိက၊ ဒေသခံပြည်သူ၊ လူမှုရေးအဖွဲ့စည်းများစသည်) အကြားတွင်လည်းကောင်း ပူးပေါင်းဆောင်ရွက်ရေး ကြီးကြပ်လမ်းညွှန်မှုပေးရန်၊

(ဆ) ပင်လယ်ကမ်းရိုးတန်းသယံဇာတဆိုင်ရာသုတေသနစခန်းများထူထောင်ရန်နှင့် ပင်လယ်ကမ်းရိုးတန်း သယံဇာတစီမံခန့်ခွဲမှုဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေး ပီပီပြင်ပြင် ဆောင်ရွက်နိုင်ရန်အတွက် ကြီးကြပ်လမ်းညွှန်မှုပေးရန်၊

(ဇ) နိုင်ငံ၏ ရေပိုင်နက်အတွင်း တရားမဝင် ဝင်ရောက်ငါးဖမ်းခြင်း၊ မသမာသည့်နည်းလမ်းများဖြင့် ငါးဖမ်းခြင်း (ဥပမာ ဖောက်ခွဲနည်းဖြင့် ငါးဖမ်းခြင်း၊ ပိတ်ပင်ထားသော ငါးဖမ်းကိရိယာများ အသုံးပြုခြင်း) ထိန်းသိမ်းကာကွယ်ထားသော ဧရိယာများအတွင်း ဝင်ရောက်ငါးဖမ်းခြင်း၊ ကမ်းရိုးတန်းနှင့် ပင်လယ်ပြင်အတွင်း အညစ်အကြေးများ စွန့်ပစ်ခြင်း စသည်တို့မှ ကာကွယ်ရန်အတွက် ကမ်းရိုးတန်း သယံဇာတဆိုင်ရာ ဌာနအဆင့်ဆင့်၊ တပ်မတော်ရေ၊ ပုဂ္ဂလိကကဏ္ဍနှင့် ဒေသခံပြည်သူများ ပူးပေါင်းပါဝင်သောအစီအစဉ်များ ချမှတ်ဆောင်ရွက်ရေးအတွက် ကြီးကြပ်လမ်းညွှန်မှုပေးရန်၊

(ဈ) ဤဗဟိုကော်မတီ၏ လုပ်ငန်းများအား အထောက်အကူပြုရန်အတွက် တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ခရိုင်အဆင့် ပင်လယ်ကမ်းရိုးတန်းဒေသ စီမံအုပ်ချုပ်လုပ်ကိုင်မှုကော်မတီများဖွဲ့စည်းရန်နှင့် ပညာရပ်ပိုင်းဆိုင်ရာ ဆပ်ကော်မတီများ လိုအပ်သလို ထပ်မံဖွဲ့စည်းရန်၊

(ည) ပင်လယ်ကမ်းရိုးတန်းဒေသ သယံဇာတဘက်စုံစီမံအုပ်ချုပ်လုပ်ကိုင်မှု (Integrated Coastal Resources Management) လုပ်ငန်းများဆောင်ရွက်ရာတွင် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ ထံမှ နည်းပညာနှင့် ရန်ပုံငွေအကူအညီ ရရှိရေးအတွက် ညှိနှိုင်းဆောင်ရွက်ပေးရန်။

၃။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏၂၀၂၁ ခုနှစ်၊ ဧပြီလ ၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၉၅/၂၀၂၁ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၃၀၇/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၀ ရက်

(၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်)

**အမျိုးသားမြေအသုံးချမှုကောင်စီ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ နိုင်ငံတော်အတွင်း အတည်ပြုပြဋ္ဌာန်းထားသော အမျိုးသားမြေအသုံးချမှု မူဝါဒပါ ရည်ရွယ်ချက်များ၊ လမ်းညွှန်မှုများနှင့် အခြေခံမူများကို အကောင်အထည်ဖော်ဆောင်ရွက်ရေးနှင့် မြေအသုံးချမှုမူဝါဒနှင့်

သက်ဆိုင်သော ဥပဒေများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးတို့အတွက် **အမျိုးသားမြေအသုံးချမှု ကောင်စီ** ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်–

| | | |
|---|---|---|
| (က) | ဒုတိယဝန်ကြီးချုပ် | ဥက္ကဋ္ဌ |
| ( ခ ) | ပြည်ထောင်စုဝန်ကြီး<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဂ ) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန (၁) | အဖွဲ့ဝင် |
| ( င ) | ပြည်ထောင်စုဝန်ကြီး<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( စ ) | ပြည်ထောင်စုဝန်ကြီး<br>ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ပြည်ထောင်စုဝန်ကြီး<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဇ ) | ပြည်ထောင်စုဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဈ ) | ပြည်ထောင်စုဝန်ကြီး<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ပြည်ထောင်စုဝန်ကြီး<br>လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဋ ) | ပြည်ထောင်စုဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဌ ) | ဥက္ကဋ္ဌ<br>နေပြည်တော်ကောင်စီ | အဖွဲ့ဝင် |
| ( ဍ ) | ဝန်ကြီးချုပ်များ<br>တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| ( ဎ ) | ပြည်ထောင်စုဝန်ကြီး<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အတွင်းရေးမှူး |
| (ဏ) | အမြဲတမ်းအတွင်းဝန်<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး(၁) |
| (တ) | ညွှန်ကြားရေးမှူးချုပ်<br>သစ်တောဦးစီးဌာန<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး(၂) |

၂။ အမျိုးသားမြေအသုံးချမှုကောင်စီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) တိုင်းဒေသကြီး/ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ (နေပြည်တော်ကောင်စီ) တို့၏ မြေအသုံးချမှု ကော်မတီများ ဖွဲ့စည်း၍ လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်း၊

(ခ) အမျိုးသားမြေအသုံးချမှု မူဝါဒနှင့်အညီ အမျိုးသားမြေဥပဒေရေးဆွဲရန် ဆောင်ရွက်ခြင်း၊

(ဂ) ပြည်ထောင်စုအဆင့်ဝန်ကြီးဌာနနှင့် ဦးစီးဌာနအသီးသီး၏ တည်ဆဲမြေနှင့်သက်ဆိုင်သည့် မှတ်တမ်းများ၊ မြေပုံများနှင့် မှတ်ပုံတင်စနစ်များကို တစ်ပြေးညီဖြစ်စေရေးအတွက် လိုအပ်သော အစီအမံနှင့် လမ်းညွှန်ချက်များ ချမှတ်ခြင်း၊

(ဃ) နိုင်ငံတော်၏ ဖွံ့ဖြိုးရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလုပ်ငန်းများ၊ မြေအသုံးချမှု စီမံကိန်းနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအတွက် မြေအသုံးချမှုနှင့်စပ်လျဉ်း၍ အသုံးချမည့် မြေပမာဏ လျာထားဆုံးဖြတ်ရာတွင် တိကျမှန်ကန်သည့် သတင်းအချက်အလက်ကို အကျိုးသက်ဆိုင်သူများအား ပွင့်လင်းမြင်သာစွာ သိရှိစေရေးနှင့် ယင်းတို့ကိုယ်တိုင် အသုံးပြုခွင့်ရရှိစေရေးတို့အတွက် လမ်းညွှန် ကြီးကြပ်ဆောင်ရွက်ခြင်း၊

(င) မြေအသုံးချခြင်း၊ မြေလုပ်ပိုင်ခွင့်ချထားခြင်းနှင့် အခြားနည်းအသုံးပြုခြင်းတို့နှင့်စပ်လျဉ်း၍ တရားဝင်အခွင့်အရေးရရှိစေခြင်း၊ အငြင်းပွားမှုကို လျှော့ချခြင်းနှင့် မည်သည့်မြေအငြင်းပွားမှုကို မဆို လွယ်ကူစွာဖြေရှင်းခြင်းတို့ကို ဆောင်ရွက်နိုင်ရန် တိကျသော နယ်နိမိတ်မြေပုံများရေးဆွဲခြင်း နှင့် မြေအမျိုးအစားနှင့် မြေအတန်းအစားသတ်မှတ်သည့် စနစ်ထားရှိကျင့်သုံးနိုင်ရေးအတွက် စီမံ ဆောင်ရွက်ခြင်း၊

(စ) အမျိုးသားမြေအသုံးချမှုမူဝါဒနှင့်အညီ ရေရှည်မြေအသုံးချမှုစီမံကိန်းများပြင်ဆင်ရာတွင် အဆိုပြု ထားသော မြေအသုံးချမှုစီမံကိန်းနှင့် မြေပုံများပါ ပြင်ဆင်ချက်များကို အသုံးပြု၍ ဆောင်ရွက်ခြင်း၊

(ဆ) အမျိုးသားမြေအသုံးချမှုမူဝါဒနှင့်သက်ဆိုင်သော ဥပဒေများကို အကောင်အထည်ဖော်ခြင်းနှင့် လေးစားလိုက်နာခြင်းတို့ကို အချိန်ကာလအပိုင်းအခြားအလိုက် စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်ခြင်း၊

(ဇ) မြေအသုံးချမှု စီမံခန့်ခွဲခြင်း၊ မြေခွဲဝေချထားခြင်းနှင့် မြေအသုံးချမှုစီမံကိန်းလုပ်ငန်းစဉ်များ အရည် အသွေးကောင်းမွန်စေခြင်း၊ အမျိုးသားမြေအသုံးချမှုမူဝါဒ အကောင်အထည်ဖော်ခြင်းနှင့် လေးစား လိုက်နာခြင်းစသည်တို့နှင့်စပ်လျဉ်း၍ အစီရင်ခံမည့် လုပ်ထုံးလုပ်နည်းများထုတ်ပြန်ပြီး အစိုးရဌာန အဖွဲ့အစည်းများက လိုက်နာဆောင်ရွက်စေရန် လမ်းညွှန်ကြီးကြပ်ဆောင်ရွက်ခြင်း၊

(ဈ) နိုင်ငံတော်၏ လူမှုစီးပွားရေးအခြေအနေ လိုအပ်ချက်များအရ အမျိုးသားမြေအသုံးချမှုမူဝါဒကို အနည်းဆုံးငါးနှစ်လျှင်တစ်ကြိမ် ပြန်လည်သုံးသပ်ခြင်းနှင့် လိုအပ်ပါက ပြင်ဆင်ခြင်း၊

(ည) အမျိုးသားမြေအသုံးချမှုကောင်စီ၏ လုပ်ငန်းတာဝန်များကို အထောက်အကူပြုနိုင်ရန် လိုအပ်သော လုပ်ငန်းကော်မတီနှင့် လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ခြင်း။

၃။ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၁ ခုနှစ်၊ မတ်လ ၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၅၅/၂၀၂၁ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၃၀၈/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၀ ရက်

(၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်)

**မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် စက်မှုဒီဇိုင်းမူပိုင်ခွင့် ဥပဒေပုဒ်မ ၄ ပုဒ်မခွဲ (က)၊ ကုန်အမှတ်တံဆိပ် မူပိုင်ခွင့် ဥပဒေပုဒ်မ ၄ ပုဒ်မခွဲ (က)၊ တီထွင်မှု မူပိုင်ခွင့် ဥပဒေပုဒ်မ ၄ ပုဒ်မခွဲ (က) နှင့် စာပေနှင့် အနုပညာမူပိုင်ခွင့် ဥပဒေပုဒ်မ ၄ ပုဒ်မခွဲ (က) တို့အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ **မူပိုင်ခွင့်ဆိုင်ရာဗဟိုကော်မတီ** ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဒုတိယဝန်ကြီးချုပ် | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုဝန်ကြီး<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဒုတိယဝန်ကြီး<br>ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒုတိယဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဒုတိယဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ဒုတိယဝန်ကြီး<br>စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဒုတိယဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ရဲချုပ်<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး<br>ပြည်ထောင်စုတရားလွှတ်တော်ချုပ် | အဖွဲ့ဝင် |
| (ည) | ညွှန်ကြားရေးမှူးချုပ်<br>အကောက်ခွန်ဦးစီးဌာန<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ညွှန်ကြားရေးမှူးချုပ်<br>ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (ဌ) | ညွှန်ကြားရေးမှူးချုပ်<br>ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | ညွှန်ကြားရေးမှူးချုပ်<br>သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဎ) | ညွှန်ကြားရေးမှူးချုပ်<br>စိုက်ပျိုးရေးသုတေသနဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဏ) | ညွှန်ကြားရေးမှူးချုပ်<br>သစ်တောဦးစီးဌာန<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (တ) | ညွှန်ကြားရေးမှူးချုပ်<br>စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန<br>စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ထ) | ညွှန်ကြားရေးမှူးချုပ်<br>ကုန်သွယ်ရေးဦးစီးဌာန<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဒ) | ညွှန်ကြားရေးမှူးချုပ်<br>စားသုံးသူရေးရာဦးစီးဌာန<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဓ) | ညွှန်ကြားရေးမှူးချုပ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (န) | ညွှန်ကြားရေးမှူးချုပ်<br>သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန<br>သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ပ) | ညွှန်ကြားရေးမှူးချုပ်<br>ဆေးသုတေသနဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဖ) | ညွှန်ကြားရေးမှူးချုပ်<br>တိုင်းရင်းဆေးပညာဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဗ) | ညွှန်ကြားရေးမှူးချုပ်<br>ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန<br>ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဘ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုဦးစီးဌာန
တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန

(မ) ကုန်အမှတ်တံဆိပ်မှုပိုင်ခွင့်ဆိုင်ရာ ပညာရှင် (၁) ဦး အဖွဲ့ဝင်

(ယ) စက်မှုဒီဇိုင်းမှုပိုင်ခွင့်ဆိုင်ရာပညာရှင် (၁) ဦး အဖွဲ့ဝင်

(ရ) စာပေနှင့်အနုပညာ မှုပိုင်ခွင့်ဆိုင်ရာ ပညာရှင် (၁) ဦး အဖွဲ့ဝင်

(လ) တီထွင်မှုမှုပိုင်ခွင့်ဆိုင်ရာပညာရှင် (၁) ဦး အဖွဲ့ဝင်

(ဝ) ဥက္ကဋ္ဌ အဖွဲ့ဝင်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်
စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်

(သ) ဥက္ကဋ္ဌ အဖွဲ့ဝင်
မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်

(ဟ) ဒုတိယဝန်ကြီး အတွင်းရေးမှူး
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(ဠ) ညွှန်ကြားရေးမှူးချုပ် တွဲဖက်အတွင်းရေးမှူး
မှုပိုင်ခွင့်ဦးစီးဌာန
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

၂။ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၁ ခုနှစ်၊ မတ်လ ၁၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၄၄/၂၀၂၁ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

**အမိန့်ကြော်ငြာစာအမှတ် (၇၃၇/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၄ ရက်
(၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၄ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ဖ၄ နှင့်အညီ ကွတ်ခိုင်မြို့နယ်တရားရုံးမှ ဒုတိယတန်းရာဇဝတ်အာဏာရ ဒုတိယမြို့နယ်တရားသူကြီး (မြို့နယ်တရားသူကြီးတာဝန်) ဦးမိုးသက်မောင် (တ/၃ဖ၃၀) အား ပထမတန်းရာဇဝတ်အာဏာနှင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၀၈၊ ၁၁၀၊ ၁၄၃၊ ၁၈ဖ၊ ၁၉၀၊ ၁၉၂၊ ၂ဖ၀၊ ၄၀၇၊ ၅၂၄ တို့အရ စစ်ဆေးနိုင်သည့် ရာဇဝတ်အာဏာ အပ်နှင်းလိုက်သည်။

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

### အမိန့်ကြော်ငြာစာအမှတ် (၇၄၂/၂၀၂၁)

၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၃ ရက်

(၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ ရခိုင်ပြည်နယ်၊ အမ်းမြို့နယ်တရားရုံးမှ ပထမတန်းရာဇဝတ်အာဏာရ တွဲဖက်မြို့နယ်တရားသူကြီး ဒေါ်ထက်ယုယုအောင် (တ/၃၁၃၆) အား မြို့နယ်တရားသူကြီးတာဝန် ယာယီပူးတွဲထမ်းဆောင်နေစဉ်ကာလ အတွင်း ကျင့်သုံးနိုင်ရန်အလို့ငှာ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၃၀ အရ အထူးရာဇဝတ်အာဏာ အပ်နှင်း လိုက်သည်။

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

### ကြေညာချက်အမှတ် (၃/၂၀၂၁)

၁၃၈၃ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၄ ရက်

(၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၄ ရက်)

**ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်မှ
အများယုံကြည်လေးစားခံရသူပုဂ္ဂိုလ်များအား တာဝန်မှ အနားယူခွင့်ပြုခြင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အသစ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် အမိန့်အမှတ် (၇/၂၀၂၁) ဖြင့် ခန့်အပ်တာဝန်ပေးခဲ့ပြီး ဖြစ်ပါသည်။

၂။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၂၀ အရ **ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်ရှိ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏သက်တမ်းသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သက်တမ်းနှင့်အညီဖြစ်သည်** ဟု ပြဋ္ဌာန်းထားသည့်အတွက် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်ကို အသစ်ပြန်လည်ဖွဲ့စည်းရမည် ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့် ပြန်လည်ဖွဲ့စည်းနိုင်ရန်အတွက် ဒုတိယ အကြိမ် လွှတ်တော်သက်တမ်းကာလအတွင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဖွဲ့စည်းတာဝန် ပေးအပ်ခဲ့သည့် တိုင်းဒေသကြီး/ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသ၊ ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်မှ အများယုံကြည်လေးစားခံရသူပုဂ္ဂိုလ်များအား ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၄ ရက်နေ့မှစ၍ တာဝန်မှ အနားယူခွင့်ပြုလိုက်သည်။

သိန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## အမိန့်ကြော်ငြာစာအမှတ် (၉၅/၂၀၂၁)

၁၃၈၃ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၄ ရက်

(၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၄ ရက်)

## အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit– CPU) ပြင်ဆင်ဖွဲ့စည်းခြင်း

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃၅/၂၀၁၉ ဖြင့် ဖွဲ့စည်းထားသည့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit– CPU) ဆိုင်ရာ အဖွဲ့များကို အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင် ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်–

**(က) သတင်းစုံစမ်းရေးနှင့် တားဆီးကာကွယ်ရေးအဖွဲ့**

| | | |
|---|---|---|
| (၁) | ဦးရဲရင့်လွင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ် | အဖွဲ့ခေါင်းဆောင် |
| (၂) | ဦးကျော်ကျော်စိုး၊ ညွှန်ကြားရေးမှူး<br>စီမံ၊ ထောက်ပံ့နှင့် ဘဏ္ဍာရေးဌာန | အဖွဲ့ဝင် |
| (၃) | ဦးတင်မောင်လတ်၊ ဒုတိယညွှန်ကြားရေးမှူး<br>ဥက္ကဋ္ဌရုံး | အဖွဲ့ဝင် |
| (၄) | ဦးအောင်မျိုးသန့်၊ ဒုတိယညွှန်ကြားရေးမှူး<br>စီမံဌာနခွဲ | အဖွဲ့ဝင် |

**( ခ ) ဌာနဆိုင်ရာစစ်ဆေးရေးအဖွဲ့**

| | | |
|---|---|---|
| (၁) | ဦးစိုင်းကျော်သူ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ရွေးကောက်ပွဲခုံရုံးဆိုင်ရာ | အဖွဲ့ခေါင်းဆောင် |
| (၂) | ဦးအောင်မျိုးလွင်၊ ညွှန်ကြားရေးမှူး<br>ရွေးကောက်ပွဲခုံရုံးဌာန | အဖွဲ့ဝင် |
| (၃) | ဦးနိုင်သူရစိုး၊ ဒုတိယညွှန်ကြားရေးမှူး<br>အမျိုးသားလွှတ်တော်ဌာနခွဲ | အဖွဲ့ဝင် |
| (၄) | ဦးမြတ်ထွန်းဦး၊ ဒုတိယညွှန်ကြားရေးမှူး<br>e-government ဌာန | အဖွဲ့ဝင် |

**( ဂ ) ပညာပေးနှင့် မှတ်တမ်းတင်အစီရင်ခံရေးအဖွဲ့**

| | | |
|---|---|---|
| (၁) | ဦးသိန်းဦး၊ ညွှန်ကြားရေးမှူး<br>သုတေသနနှင့် မှတ်တမ်းဌာန | အဖွဲ့ခေါင်းဆောင် |
| (၂) | ဦးသန့်ဇင်အောင်၊ ညွှန်ကြားရေးမှူး<br>ရွေးကောက်ပွဲဌာန | အဖွဲ့ဝင် |
| (၃) | ဒေါ်ခင်စန်းရင်၊ ဒုတိယညွှန်ကြားရေးမှူး<br>ပြည်သူ့လွှတ်တော်ဌာနခွဲ | အဖွဲ့ဝင် |

(၄) ဦးနန္ဒနေလင်း၊ ဒုတိယညွှန်ကြားရေးမှူး နိုင်ငံရေးပါတီဌာနခွဲ — အဖွဲ့ဝင်

(၅) ဦးထွန်းနိုင်ဦး၊ ဒုတိယညွှန်ကြားရေးမှူး ရွေးကောက်ပွဲခုံရုံးဌာနခွဲ — အဖွဲ့ဝင်

၂။ အဆိုပါအဖွဲ့များ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

**(က) သတင်းစုံစမ်းရေးနှင့် တားဆီးကာကွယ်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များ**

(၁) ဌာနအလိုက် အဂတိလိုက်စားမှုဖြစ်နိုင်ခြေရှိသော လုပ်ငန်းဆောင်ရွက်ချက်များ၊ လုပ်ငန်းအခြေအနေများကို လေ့လာဆန်းစစ်ခြင်းနှင့် စိစစ်ဖော်ထုတ်ရန်၊

(၂) ကော်မရှင်ရုံး၊ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်နှင့်သက်ဆိုင်သော တိုင်ကြားစာများကို စိစစ်ဆောင်ရွက်ရန်၊

(၃) လေ့လာတွေ့ရှိချက်များကို ဌာနဆိုင်ရာ စစ်ဆေးမှုအဖွဲ့ထံသို့ ဆက်လက်ပေးပို့ရန်၊

(၄) အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးနှင့်စပ်လျဉ်း၍ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်အပါအဝင် အခြားသော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်။

**( ခ ) ဌာနဆိုင်ရာစစ်ဆေးရေးအဖွဲ့၏ လုပ်ငန်းတာဝန်များ**

(၁) သတင်းစုံစမ်းရေးနှင့် တားဆီးကာကွယ်ရေးအဖွဲ့မှ ပေးပို့လာသော ကိစ္စရပ်များအပေါ် စိစစ်၍ စစ်ဆေးမှုများ ဆက်လက်ဆောင်ရွက်ရန်၊

(၂) အဂတိလိုက်စားမှု မှန်ကန်ကြောင်းပေါ်ပေါက်ပါက သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ အရေးယူနိုင်ရေး ဆောင်ရွက်ရန်၊

(၃) အဂတိလိုက်စားမှုနှင့် စပ်လျဉ်းသည့် အရေးယူဆောင်ရွက်မှု အခြေအနေများကို ပညာပေးနှင့် မှတ်တမ်းတင်အစီရင်ခံရေးအဖွဲ့ထံသို့ ပေးပို့ရန်။

**( ဂ ) ပညာပေးနှင့် မှတ်တမ်းတင်အစီရင်ခံရေးအဖွဲ့၏ လုပ်ငန်းတာဝန်များ**

(၁) အဂတိလိုက်စားမှုနှင့်စပ်လျဉ်း၍ သတင်းစုံစမ်းရေးနှင့် တားဆီးကာကွယ်ရေးအဖွဲ့၊ ဌာနဆိုင်ရာစစ်ဆေးရေးအဖွဲ့တို့၏ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ညွှန်ကြားရေးမှူးချုပ်မှတစ်ဆင့် ကော်မရှင်ဥက္ကဋ္ဌထံသို့ အစီရင်ခံတင်ပြပြီး နိုင်ငံတော်သမ္မတရုံးသို့ ဆက်လက် ပေးပို့တင်ပြရန်၊

(၂) အဂတိလိုက်စားမှုနှင့်စပ်လျဉ်းသည့် တိုင်ကြားမှုများနှင့် ယင်းအပေါ်ကိုင်တွယ်ဆောင်ရွက်မှုအခြေအနေများကို သတင်းထုတ်ပြန်ရန်၊

(၃) ကော်မရှင်ရုံးရှိ ဝန်ထမ်းများအား အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးနှင့်စပ်လျဉ်း၍ အသိပညာပေးမှုများ စီမံဆောင်ရွက်ရန်။

၃။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (CPU) သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးနှင့် အဂတိလိုက်စားမှုပေါ်ပေါက်လာပါက နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများနှင့်အညီ စစ်ဆေးအရေးယူဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများထံသို့ ပေါင်းစပ်ဆောင်ရွက်ခြင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က အခါအားလျော်စွာထုတ်ပြန်မည့် ညွှန်ကြားချက်များကိုလိုက်နာဆောင်ရွက်ပြီး သင်တန်းများ၊ ပညာပေးဆွေးနွေးပွဲများ ဖွင့်လှစ်ပို့ချပါက ပူးပေါင်းပါဝင်ခြင်းတို့ကို ဆောင်ရွက်ရမည် ဖြစ်ပါသည်။

၄။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၏ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၅ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၃၅/၂၀၁၉ အား ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

သိန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အခွန်အယူခံခုံအဖွဲ့**

**၂၀၂၀ ပြည့်နှစ်၊ အကောက်ခွန် ပြန်လည်သုံးသပ်မှုအမှတ် – ၉**

| **လျှောက်ထားသူ** | | **လျှောက်ထားခံရသူ** |
|---|---|---|
| ဦးစိုင်းဇော်မိုး (၁၃/နခန(နိုင်) ၀၃၇၀၀၄) ဟိုနောင်ရပ် နမ့်ခမ်းမြို့၊ ရှမ်းပြည်နယ်။ | – | မြို့နယ်အကောက်ခွန်ဦးစီးဌာနမှူး မြို့နယ်ကောက်ခွန်ဦးစီးဌာန၊ လားရှိုးမြို့ |
| လျှောက်ထားသူအတွက် လိုက်ပါဆောင်ရွက်သည့်ပုဂ္ဂိုလ် | – | ဒေါ်နန်းကြည်မြင့်၊ တရားလွှတ်တော်ရှေ့နေ |
| လျှောက်ထားခံရသူအတွက် လိုက်ပါဆောင်ရွက်သည့်ပုဂ္ဂိုလ် | – | ဦးကျော်လင်းမြိုင်(ဌာနဆိုင်ရာကိုယ်စားလှယ်) အကောက်ခွန်ဦးစီးဌာန |
| အမိန့်ချမှတ်သည့်ရက်စွဲ | – | ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက် |

**စီရင်ချက်**

အမှုမှာ ၉–၈–၂၀၁၉ ရက်နေ့ (၁၂:၃၀) နာရီချိန်ခန့်တွင် ရေပူအမြဲတမ်း စစ်ဆေးရေးစခန်း (တာဝန်ခံ) ညွှန်ကြားရေးမှူး ဦးကိုကိုထွန်း ဦးစီးသည့် ဌာနဆိုင်ရာ ပူးပေါင်းစစ်ဆေးရေးအဖွဲ့သည် အတက်/အဆင်း ယာဉ်များကို ပုံမှန်စစ်ဆေးနေစဉ် မန္တလေးမြို့မှ မူဆယ်မြို့သို့ သွားရောက်မည့် Toyota Crown Athlete အမျိုးအစား ယာဉ်အမှတ် (EE/5275)၊ ခန့်မှန်းတန်ဖိုး ကျပ် ၁၅,၀၀၀,၀၀၀ ခန့် အားစစ်ဆေးရာ ယာဉ်ပေါ်တွင် ခွင့်ပြုချက်စာရွက်စာတမ်းတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိဘဲ သယ်ဆောင်လာသည့် ကျောက်စိမ်းဟု ယူဆရသော ကျောက်တုံးများဆိုဒ်စုံ (60 kg)၊ ခန့်မှန်းတန်ဖိုး ကျပ် ၃,၀၀၀,၀၀၀ ခန့်အား စစ်ဆေးတွေ့ရှိ ဖမ်းဆီးရမိခဲ့သဖြင့် အမှုတွဲဖွင့်လှစ်တားဆီးခဲ့ရာ အခင်းဖြစ်ပစ္စည်းသည် ပြည်ထောင်စုမြန်မာနိုင်ငံတော် ပြင်ပသို့တင်ပို့ရန် တားမြစ်ပိတ်ပင်ထားသည့် ကုန်ပစ္စည်းဖြစ်ခြင်း၊ ခွင့်ပြုချက်စာရွက်စာတမ်း အထောက် အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိဘဲ တရားမဝင်သယ်ဆောင်လာခြင်းတို့ကြောင့် ပင်လယ် ရေကြောင်း အကောက်ခွန်အက်ဥပဒေပုဒ်မ ၁၉ နှင့် ကုန်းလမ်းအကောက်ခွန် အက်ဥပဒေပုဒ်မ ၅ (၃) တို့အား ဖောက်ဖျက်ကျူးလွန်ခြင်းဖြစ်သဖြင့် အခင်းဖြစ်ပစ္စည်းများကို ကုန်းလမ်းအကောက်ခွန် အက်ဥပဒေပုဒ်မ ၇ (၁) နှင့် ပင်လယ်ရေကြောင်းအကောက်ခွန် အက်ဥပဒေပုဒ်မ ၁၆၇ (၈) တို့အရ ပြည်သူ့ ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်ဖြစ်သကဲ့သို့ အခင်းဖြစ်ပစ္စည်းများကို သယ်ဆောင်ရာတွင် အသုံးပြုသည့် ယာဉ်ကိုလည်း ပင်လယ်ရေကြောင်း အကောက်အခွန်အက်ဥပဒေပုဒ်မ ၁၆၈ အရ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခဲ့ခြင်းကို လျှောက်ထားသူမှ ကျေနပ်မှုမရှိပါသဖြင့် အကောက်ခွန်အယူခံမှုအမှတ် ၇၁/၂၀၁၉

ဖြင့် တင်သွင်းခဲ့သော်လည်း အယူခံခုံအဖွဲ့မှ ပလပ်လိုက်သဖြင့် ပြန်လည်သုံးသပ်ပေးစေလိုမှု လျှောက်ထားလာသော အမှုဖြစ်ပါသည်။

အခွန်အယူခံခုံအဖွဲ့သည် လျှောက်ထားသူနှင့် လျှောက်ထားခံရသူတို့၏ လျှောက်လဲတင်ပြချက်၊ ချေပချက်များကို အခွန်အယူခံခုံအဖွဲ့ ဥပဒေပုဒ်မ ၂၂ ပုဒ်မခွဲ (ဂ) နှင့်အညီ ၂၂.၆.၂၀၂၁ ရက်နေ့တွင် ဗီဒီယိုဆက်သွယ်မှု (Video Conferencing) စနစ်ဖြင့် ကြားနာခဲ့ရာတွင် လျှောက်ထားသူ (ကိုယ်စား) တရားလွှတ်တော်ရှေ့နေ ဒေါ်နန်းကြည်မြင့်မှ လျှောက်လဲတင်ပြရာ၌ လျှောက်ထားသူ၏ ယာဉ်ပေါ်တွင် တရားမဝင်တားမြစ်ကုန်ဖြစ်သော ကျောက်စိမ်းဟု ယူဆရသည့် ကျောက်တုံးဆိုဒ်စုံ (60 kg) တင်ဆောင်လာသည့်ကိစ္စကို လုံးဝသိရှိခဲ့ခြင်းမရှိပါ၊ အကျိုးအမြတ် တစ်စုံတစ်ရာလည်း ရယူခဲ့ခြင်းမရှိပါကြောင်း၊ ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းတွင် အကောက်ခွန်ဦးစီးဌာနက ဖမ်းဆီးထိန်းသိမ်းထားကြောင်း ယာဉ်ငှားရမ်းထားသူက အကြောင်းကြားမှသာ သိရှိခဲ့ရပါကြောင်း၊ အခင်းဖြစ်ယာဉ်မှာ လျှောက်ထားသူမှ တစ်လလျှင် ကျပ် ၃ သိန်းဖြင့် တစ်နှစ်စာချုပ်ချုပ်ဆိုကာ ငှားရမ်းထားပါကြောင်း၊ တရားမဝင် ကန့်သတ်ကုန်ပစ္စည်းဖြစ်သော ကျောက်စိမ်းတုံး (60 kg) တင်ဆောင်လာသောကြောင့် ယာဉ်အား ပင်လယ်ရေကြောင်း အကောက်ခွန် အက်ဥပဒေပုဒ်မ ၁၆၈ အရ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခဲ့သော်လည်း ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၈၃ တွင် ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းမည့်အစား သင့်လျော်ထင်မြင်သည့် ဒဏ်ငွေကို ပေးဆောင်လျှင် ရွေးခွင့်ပြုနိုင်သည်ဟု သက်ညှာခွင့်ပေးထားပါကြောင်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၏ ညွှန်ကြားချက်အမှတ် ၇၆/၉၉ အပိုဒ် ၄ (က) တွင် တရားမဝင်ပိတ်ပင်တားဆီးထားသော ကုန်ပစ္စည်းများကို တွေ့ရှိပါက ၎င်းပစ္စည်းများ သယ်ဆောင်ရာတွင် အသုံးပြုသောယာဉ် (သို့) တိရစ္ဆာန်ကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူခြင်းမပြုဘဲ ကုန်ပစ္စည်းတန်ဖိုးအလိုက် သတ်မှတ်ထားသော အချိုးအစားအတိုင်း ရွေးယူဒဏ်ငွေရိုက် ပြန်ပေးရမည်ဟု ညွှန်ကြားထားပါကြောင်း၊ အခင်းဖြစ်ယာဉ်ပေါ်၌ တရားမဝင်ကျောက်စိမ်းအရိုင်းတုံး (60 kg) သယ်ဆောင်ခဲ့သည်မှာ ပိုင်ရှင်ကိုယ်တိုင်ပူးပေါင်းပါဝင်ခဲ့ခြင်းမရှိခဲ့သလို ယာဉ်ပေါ်၌လည်း ပြုပြင်သိုဝှက်၍ သယ်ဆောင်ခဲ့ခြင်းမရှိ၍ ညွှန်ကြားချက်အမှတ် ၇၆/၉၉ အပိုဒ် ၄ (က) (၁) နှင့် အကျုံးမဝင်ပါကြောင်း ဖမ်းဆီးခံရသော ကျောက်စိမ်းတုံး (60 kg) ၏ ကျောက်မျက်ရတနာစစ်ဆေးချက်နှင့် တန်ဖိုးဖြတ်ချက် မှတ်တမ်းများအရ ခန့်မှန်းတန်ဖိုးမှာ ကျပ် ၅၆၇၈၀ ခန့်သာဖြစ်ပါကြောင်း၊ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေပုဒ်မ ၁၈ အရ ခွင့်ပြုမိန့်ရရှိသူဖြစ်ကြောင်း အထောက်အထား တင်ပြနိုင်မှုမရှိခြင်း၊ ပုဒ်မ ၂၇ အရ လိုင်စင်ရှိသူဖြစ်ကြောင်း အထောက်အထား မတင်ပြနိုင်ခြင်းတို့ကြောင့် ပုဒ်မ ၅၅ အရပြစ်မှုထင်ရှားတွေ့ရှိလျှင် ပြစ်မှုနှင့်ဆိုင်သော ကျောက်မျက်ရတနာများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်း၍သော်လည်းကောင်း၊ အသုံးပြုသည့်ယာဉ်အားလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်း၍သော်လည်းကောင်း၊ ပြစ်ဒဏ်ချမှတ်နိုင်သည်ဟုသာ ပြဋ္ဌာန်းထားပါကြောင်း၊ အခင်းဖြစ်ပစ္စည်းများ တွေ့ရှိသိမ်းဆည်းရမိသော ရေပူကန့်သတ်ကုန် စစ်ဆေးရေးစခန်းတည်နေရာမှာ တရုတ်ပြည်နှင့်နယ်နိမိတ်ချင်းထိစပ်နေသော နေရာမဟုတ်ဘဲ မိုင် ၁၀၀ ခန့် အလှမ်းကွာဝေးသောနေရာတွင်ဖြစ်၍ နိုင်ငံခြားပိုင်နယ်မြေသို့ တင်ပို့မည့် ပစ္စည်းများဖြစ်ကြောင်း၊ တထစ်ချ မကောက်ယူသင့်ကြောင်း ဌာနဆိုင်ရာကိုယ်စားလှယ်မှ ချေပခဲ့ရာတွင် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၏ ညွှန်ကြားချက်အမှတ် ၇၆/၉၉ အရ ဖွဲ့စည်းထားသော ယာဉ်တန်ဖိုး စိစစ်သတ်မှတ်ရေးအဖွဲ့မှ ယာဉ်အား တန်ဖိုးသတ်မှတ်ရာတွင် ကျပ်သိန်း ၁၅၀ သတ်မှတ်ထားပါကြောင်း၊ ယာဉ်၏တန်ဖိုးမှာ မူလအကောက်ခွန်ဦးစီးဌာန၏ ကနဦးခန့်မှန်းနှုန်းနှင့် တူညီနေ၍ အငြင်းမပွားလိုပါကြောင်း၊ ကုန်ပစ္စည်းများ အံဝှက်ပြုလုပ်၍ သယ်ဆောင်လာသည်ဟု ဆုံးဖြတ်ထားသည်မှာ မှားယွင်းလျက်ရှိပါကြောင်း၊ မူလအမိန့်တွင်လည်း ကုန်ပစ္စည်းများကို အံဝှက်ပြုပြင် သိုဝှက်သယ်ဆောင်ခဲ့ကြောင်း ဆုံးဖြတ်ခဲ့ခြင်းမရှိပါကြောင်း၊ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေပုဒ်မ ၂၃ ပုဒ်မခွဲ (ခ) (၁) တွင် ခွင့်ပြုမိန့်ရရှိသော ကုမ္ပဏီ (သို့) အသင်းက ရတနာခွန်ပေးဆောင်ပြီးသောသူများသည် ကျောက်မျက်ရတနာအရိုင်းကိုလည်းကောင်း၊ ကျောက်မျက်ရတနာအချောထည်ကိုလည်းကောင်း၊ လက်ဝတ်ရတနာကိုလည်းကောင်း၊ ပြည်တွင်း၌ လွှတ်လပ်စွာသယ်ယူခွင့်

ရှိသည်ဟု သတ်မှတ်ပြဋ္ဌာန်းထားပါကြောင်း၊ ယာဉ်ကိုငှားရမ်းသူက ၎င်း၏ဆန္ဒအတိုင်း ကျောက်စိမ်းအရိုင်းတုံးများ တင်ဆောင်ခဲ့ခြင်းဖြစ်ကာ စစ်ဆေးရေးအဖွဲ့နှင့်တွေ့ရှိချိန်တွင် ကြောက်လန့်ထွက်ပြေးတိမ်းရှောင်သွား၍ ယင်းကျောက်စိမ်းအရိုင်းတုံးများကို မည်သို့မည်ပုံ တင်ဆောင်ခဲ့ကြောင်းကို လျှောက်ထားသူယာဉ်ပိုင်ရှင်မှ မသိနိုင်သဖြင့် သက်ဆိုင်ရာသို့ မတင်ပြနိုင်၍ များစွာနစ်နာဆုံးရှုံးလျက်ရှိကြောင်း၊ အခွန်အယူခံခုံအဖွဲ့ရုံးတော်မှ ယာဉ်ပိုင်ရှင်အပေါ် တရားမဝင် အကောက်ခွန်မဲ့ ကန့်သတ်ကုန်ပစ္စည်းများ တင်ဆောင်ခဲ့ခြင်းအတွက် တာဝန်ရှိသည်ဟု ထင်မြင်ယူဆပါက ယာဉ်အားပြည်သူ့ဘဏ္ဍာအဖြစ် အပြီးအပိုင်သိမ်းယူခြင်းမပြုဘဲ ပင်လယ်ရေကြောင်းအကောက်ခွန် အက်ဥပဒေပုဒ်မ ၁၈၃ နှင့် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော အချိုးအစားများအတိုင်း ရွေးယူဒဏ်ငွေများတပ်ရိုက်၍ ပြန်လည်ရွေးယူခွင့် ပြုနိုင်ရေးအတွက် မူလအကောက်ခွန်အယူခံမှုအမှတ် ၇၁/၂၀၁၉ တွင် ချမှတ်ထားသည့်အမိန့်ကို ပြန်လည်သုံးသပ် ပြင်ဆင်ပေးပါရန် တင်ပြထားပါသည်။

လျှောက်ထားခံရသူကိုယ်စား ဌာနဆိုင်ရာကိုယ်စားလှယ် ဦးကျော်လင်းမြိုင်က ချေပလျှောက်လဲရာ၌ အခင်းဖြစ်ပစ္စည်းများအား တန်ဖိုးသတ်မှတ်ခြင်းနှင့်ပတ်သက်၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းမှ ကျောက်မျက်ရတနာများစစ်ဆေးချက်နှင့် တန်ဖိုးဖြတ်ချက် မှတ်တမ်းများအရ ကျောက်စိမ်းအသား ကျောက် (ဒီ)(၄ တုံး) (8 kg)၊ ခန့်မှန်းတန်ဖိုး ကျပ် ၁၃,၃၆၀ ခန့်နှင့် ကျောက်စိမ်းအသား ကျောက်အရိုင်း (အယ်ဒီ) (၆ အိတ်) (52 kg)၊ ခန့်မှန်းတန်ဖိုး ကျပ် ၄၃,၄၂၀ ခန့် စုစုပေါင်း ခန့်မှန်းတန်ဖိုး ကျပ် ၅၆,၇၈၀ ခန့်ဖြစ်ကြောင်း၊ ၂၀၁၉ ခုနှစ်၊ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေပုဒ်မ ၁၈ အရ ခွင့်ပြုမိန့်ရရှိသူဖြစ်ကြောင်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်မှုမရှိခြင်း၊ ပုဒ်မ ၂၇ အရ လိုင်စင်ရရှိသူဖြစ်ကြောင်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်မှုမရှိခြင်းတို့ကြောင့် ပုဒ်မ ၅၅ အရ ပြစ်မှုထင်ရှားတွေ့ရှိလျှင် ပြစ်မှုနှင့်သက်ဆိုင်သော ကျောက်မျက်ရတနာများကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်း၍သော်လည်းကောင်း၊ ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသည့်ယာဉ်ကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်း၍သော်လည်းကောင်း၊ မြန်မာ့ကျောက်မျက်ရတနာဥပဒေတွင် ပြစ်ဒဏ်ချမှတ်နိုင်သည်ကို ပြဋ္ဌာန်းထားပါကြောင်း၊ ကုန်းလမ်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၅ (၃) တွင် ''မည်သည့် ကုန်းလမ်းအကောက်ခွန်အရာရှိမဆို နိုင်ငံခြားနယ်မြေသို့ တင်ပို့မည့်ကုန်ပစ္စည်းများ ဖြစ်မည်ဟု ယုံကြည်ရန်အကြောင်းရှိလျှင် ၎င်းကုန်ပစ္စည်းများအတွက် ထုတ်ပေးထားသောပါမစ်ကိုတင်ပြရန် တောင်းဆိုနိုင်သည်'' ဟု လည်းကောင်း၊ ပြဋ္ဌာန်းထားပြီး ယင်းဥပဒေပုဒ်မ ၇ ပုဒ်မခွဲ (၁) ပုဒ်မခွဲငယ် (က) တွင် ''ပုဒ်မ ၅ တွင်ရည်ညွှန်းသည့် ပါမစ်လိုအပ်သော ကုန်ပစ္စည်းများကို အဆိုပါ ပါမစ်မပါရှိဘဲ နိုင်ငံခြားပိုင်နယ်မြေသို့ ၎င်းကုန်းလမ်းအကောက်ခွန်ရုံးသို့ ဖြတ်သန်းယူဆောင်ခြင်း သို့မဟုတ် ထိုသို့ယူဆောင်ရန် ကြံစည်အားထုတ်ခြင်းပြုလုပ်လျှင် ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်း ခံထိုက်စေရမည်'' ဟု ပြဋ္ဌာန်းထားပါကြောင်း၊ ပင်လယ်ရေကြောင်း အကောက်ခွန် အက်ဥပဒေ ပုဒ်မ ၁၆၇ ဇယား (၈) ၌ ဤအက်ဥပဒေ အခန်း (၄) အရ တားမြစ်ထားဆဲဖြစ်သည့် သို့မဟုတ် စည်းမျဉ်းကန့်သတ်ထားဆဲဖြစ်သည့် ကုန်ပစ္စည်းတစ်ခုခုကို တားမြစ်ချက် သို့မဟုတ် စည်းမျဉ်းကန့်သတ်ချက်များနှင့်ဆန့်ကျင်၍ မြန်မာနိုင်ငံမှ နိုင်ငံခြားသို့တင်ပို့လျှင်'' ဟု ဖွင့်ဆိုထားပြီး အဆိုပါပြစ်မှုအတွက် ပင်လယ်ရေကြောင်းအကောက်ခွန် အက်ဥပဒေပုဒ်မ ၁၈ နှင့် ၁၉ တို့ကို ရည်ညွှန်းထား၍ ချမှတ်ရမည့် ပြစ်ဒဏ်မှာ ''အဆိုပါ ကုန်ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်း ခံထိုက်စေရမည်'' ဟု ပြဋ္ဌာန်းထားပါကြောင်း၊ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထိုက်သည့် ကုန်ပစ္စည်းများ တင်ဆောင်လာသော Toyota Crown Athlete အမျိုးအစား ယာဉ်အမှတ် EE/5275 ခန့်မှန်းတန်ဖိုး ကျပ် ၁၅,၀၀၀,၀၀၀ ယာဉ်ကိုလည်း ပင်လယ်ရေကြောင်း အကောက်ခွန်အက်ဥပဒေပုဒ်မ ၁၆၈ တွင် ပြဋ္ဌာန်းထားသည့်အတိုင်း ပြည်သူ့ဘဏ္ဍာအဖြစ်သာ သိမ်းဆည်းရမည်ဖြစ်ကြောင်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ညွှန်ကြားချက်အမှတ် ၇၆/၉၉ အရ ဖွဲ့စည်းထားသော ယာဉ်တန်ဖိုး စိစစ်သတ်မှတ်ရေးအဖွဲ့မှ အခင်းဖြစ်ယာဉ်အား တန်ဖိုးသတ်မှတ်ရာတွင် ခန့်မှန်းတန်ဖိုးကျပ်သိန်း ၁၅၀ ဟု သတ်မှတ်ထားပါကြောင်း၊ ယာဉ်ပိုင်ရှင်သည် မိမိယာဉ်ကို ယာဉ်မောင်း

တစ်ဦးအား ငှားရမ်းလိုက်ပါက လမ်းခရီးတွင် ဖြစ်ပေါ်လာသည့်ကိစ္စရပ်တိုင်းအတွက် ယာဉ်ပိုင်ရှင် ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်တို့တွင် တိုက်ရိုက်တာဝန်ရှိသည်ကို "ဦးစစ်ထင်နှင့် အကောက်ခွန် မင်းကြီး ၁၉၆၂ ခုနှစ် (မတစ)၊ စာ ၅၄၁ (တရားရုံးချုပ်) အမှုစီရင်ထုံး" နှင့် "နိုင်ငံတော်နှင့် မခင်နှင်းဝေ ပြစ်မှုပြင်ဆင်မှုအမှတ် ၆၀၃ (ခ) ၏ စီရင်ထုံး" များကိုးကား၍ တင်ပြထားကြောင်း၊ အယူခံတရားလို ဘက်မှ တင်ပြလျှောက်ထားလာသော မြန်မာ့ကျောက်မျက်ရတနာ ဥပဒေပုဒ်မ ၂၃ ပုဒ်မခွဲ (ခ) (၁) သည် ၁၉၉၅ ခုနှစ်က ပြဋ္ဌာန်းထားခဲ့သော ဥပဒေဖြစ်ပြီး ယင်းဥပဒေကို ၂၀၁၉ ခုနှစ် မြန်မာ့ကျောက်မျက်ရတနာ ဥပဒေဖြင့် ရုပ်သိမ်းလိုက်ပြီးဖြစ်ကြောင်း၊ လျှောက်ထားသူ၏ယာဉ်ဖြင့် သယ်ဆောင်လာခဲ့သော အခင်းဖြစ် ပစ္စည်းများကို ခွင့်ပြုချက်တစ်စုံတစ်ရာမရှိဘဲ သယ်ဆောင်လာခြင်းသည် မြန်မာ့ကျောက်မျက်ရတနာဥပဒေ နှင့်အညီ ခွင့်ပြုမိန့်တင်ပြနိုင်မှုမရှိခြင်း၊ လိုင်စင်ရရှိသူဖြစ်ကြောင်း အထောက်အထားတင်ပြနိုင်မှုမရှိခြင်း၊ ရတနာခွန်နှင့် တွင်းဝခွန်များပေးဆောင်ထားကြောင်းအထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်မှုမရှိခြင်း၊ ကုန်းလမ်းအကောက်ခွန်အက်ဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆန့်ကျင်ချိုးဖောက်ခြင်း၊ ပင်လယ်ရေကြောင်း အကောက်ခွန်အက်ဥပဒေ အခန်း (၄) အရ စည်းမျဉ်းကန့်သတ်ချက်များနှင့် ဆန့်ကျင်ခြင်းတို့သည် ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၉ ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ထင်ရှား သဖြင့် အခင်းဖြစ်ပစ္စည်းများ သယ်ဆောင်ရာတွင် အသုံးပြုသောယာဉ် Toyota Crown Athlete အမျိုးအစား ယာဉ်အမှတ် EE/5275 ကို အကောက်ခွန်ဦးစီးဌာနမှ ကုန်းလမ်းအကောက်ခွန်အက်ဥပဒေ ပုဒ်မ ၇ (၁) နှင့် ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၆၈ အရ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခဲ့ခြင်းမှာ တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြားချက်များနှင့်အညီ မှန်ကန်စွာ ဆောင်ရွက်ထားကြောင်းနှင့်၊ အယူခံမှုတွင်လည်း ခုံအဖွဲ့မှ ကျယ်ကျယ်ပြန့်ပြန့် သုံးသပ်ဆုံးဖြတ်ပြီး ဖြစ်သဖြင့် အယူခံခုံအဖွဲ့၏ အမိန့်ကိုသာ အတည်ပြု၍ ပြန်လည်သုံးသပ်ပေးစေလိုမှု လျှောက်ထားချက်ကို လက်ခံရန် မသင့်ပါကြောင်း တင်ပြထားပါသည်။

အခွန်အယူခံခုံအဖွဲ့သည် လျှောက်ထားသူနှင့် လျှောက်ထားခံရသူတို့၏ လျှောက်လဲတင်ပြချက် များကို ၂၂-၆-၂၀၂၁ ရက်နေ့က ကြားနာပြီးဖြစ်သည့်အပြင် လျှောက်ထားခံရသူက ချေလွှာနှင့်အတူ ပေးပို့ လာသည့် ပြည်သူ့ဘဏ္ဍာ သိမ်းဆည်းခြင်းဆိုင်ရာ အမှုတွဲပါ စာတမ်းအမှတ်အသားများ၊ သက်သေခံချက် များကို အသေးစိတ် ကြည့်ရှုလေ့လာခဲ့ပါသည်။ ထို့သို့ လျှောက်လဲတင်ပြချက်များနှင့် အမှုတွဲပါ အထောက်အထားများ၊ တည်ဆဲဥပဒေပြဋ္ဌာန်းချက်များကို အပြန်ပြန် အလှန်လှန် သုံးသပ်ခဲ့ရာ လျှောက်ထား သူ၏ ယဉ် Toyota Crown Athlete အမျိုးအစား ယာဉ်အမှတ် EE/5275 ဖြင့် သယ်ဆောင်လာသော အခင်းဖြစ်ပစ္စည်းများသည် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြန်မာ့ ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းမှ ကျောက်မျက်ရတနာများ စစ်ဆေးချက်နှင့် တန်ဖိုးဖြတ်ချက် များအရ ကျောက်စိမ်းအသားကျောက် (ဒီ) (8 Kg) ခန့်မှန်းတန်ဖိုး ကျပ် ၁၃၃၆၀ ခန့်နှင့် ကျောက်စိမ်းအသား ကျောက်ရိုင်း (အယ်ဒီ) (52 Kg) ခန့်မှန်းတန်ဖိုး ကျပ် ၄၃၄၂၀ ခန့် စုစုပေါင်း ခန့်မှန်းတန်ဖိုး ကျပ် ၅၆၇၈၀ ခန့်ကို ခွင့်ပြုချက်တစ်စုံတစ်ရာမရှိဘဲ သယ်ဆောင်လာခြင်း၊ ခွင့်ပြုမိန့်တင်ပြနိုင်မှုမရှိခြင်း၊ လိုင်စင်ရရှိသူ ဖြစ်ကြောင်း အထောက်အထား တင်ပြနိုင်မှုမရှိခြင်း ရတနာခွန်နှင့် တွင်းဝခွန်များပေးဆောင်ထားကြောင်း အထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်မှု မရှိခြင်းတို့သည် ၂၀၁၉ ခုနှစ် မြန်မာ့ကျောက်မျက်ရတနာ ဥပဒေအခန်း (၅) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ခွင့်ပြုမိန့်ရယူခြင်းနှင့် အခန်း (၇) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုင်စင်ရယူခြင်းမပြုဘဲ ထုတ်လုပ်ခြင်း၊ သယ်ဆောင်ခြင်း၊ ရောင်းဝယ်ခြင်းများအတွက် အခန်း (၁၃) ပါ ပြစ်မှုနှင့် ပြစ်ဒဏ်များချမှတ်နိုင်သည် ဖြစ်ပါသည်။ သို့ပါ၍ ကျောက်မျက်ရတနာများသည် မြန်မာ့ ကျောက်မျက်ရတနာ ဥပဒေနှင့်အညီသာ ဆောင်ရွက်နိုင်သည့် ကန့်သတ်ကုန်ပစ္စည်း အကောက်ခွန်မဲ့ ကုန်ပစ္စည်းမဟုတ်သည့် တားမြစ်ကုန်ပစ္စည်းများဖြစ်ခြင်း၊ လျှောက်ထားသူ ညွှန်းဆိုတင်ပြထားသော ဥပဒေပုဒ်မ ၂၃ ပုဒ်မခွဲ (ခ) (၁) မှာ ၁၉၉၅ ခုနှစ်ဥပဒေဖြစ်ပြီး ယင်းဥပဒေကို ၂၀၁၉ ခုနှစ် ဥပဒေဖြင့် ရုပ်သိမ်းလိုက်ပြီးဖြစ်ခြင်းတို့ကြောင့် ဆက်စပ်စဉ်းစားရန်မလိုတော့ခြင်း၊ ပင်လယ်ရေကြောင်း

အကောက်ခွန်အက်ဥပဒေပုဒ်မ ၁၈၃ တွင် ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းမည့်အစား သင့်လျော်ထင်မြင်သည့်ဒဏ်ငွေကို ပိုင်ရှင်က ပေးဆောင်လျှင် ရွေးယူခွင့်ပြုနိုင်ကြောင်း ပြဋ္ဌာန်းထားချက်သည် အခါခပ်သိမ်းဆောင်ရွက်ရန်မဟုတ်ဘဲ ရွေးယူခွင့်ပြုသင့်သောကိစ္စရပ်အလိုက် ဆောင်ရွက်နိုင်ရန် ပြဋ္ဌာန်းထားခြင်းသာဖြစ်ခြင်း၊ ဌာနဆိုင်ရာ ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးချိန်တွင် ယာဉ်မောင်းသူ ထွက်ပြေးသွားခြင်းသည် သယ်ဆောင်လာသည့်ကုန်စည်များကို တရားမဝင်ကုန်စည်ဖြစ်ကြောင်း ကနဦးကပင်သိရှိထားသဖြင့် မရိုးဖြောင့်သောသဘောကြောင့်သာ တိမ်းရှောင်ခြင်းဖြစ်သည်ဟု သုံးသပ်ရခြင်း၊ ဥပဒေနှင့်အညီ တားမြစ်ထားသည့် ကုန် ပစ္စည်းများဖြစ်သော အခင်းဖြစ် ကျောက်မျက်ရတနာများကို ခွင့်ပြုမိန့်တစ်စုံတစ်ရာမတင်ပြနိုင်ခြင်း ယာဉ်ပိုင်ရှင်ထံမှ ယာဉ်ငှားထားသူ (တိုက်ရိုက်တာဝန်ခံသူ) က အခင်းဖြစ်ပစ္စည်းကိုသယ်ဆောင်ရာတွင် ပူးပေါင်းပါဝင်ကျူးလွန်ကြောင်း သုံးသပ်ရရှိချက်တို့ကြောင့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် ၇၆/၉၉ အပိုဒ် (၄) အပိုဒ်ခွဲ (က) (၁) အရ အခင်းဖြစ်ကုန်စည်များသယ်ဆောင်ရာတွင် အသုံးပြုသည့်ယာဉ်ကို ပင်လယ်ရေကြောင်း အကောက်ခွန်အက်ဥပဒေပုဒ်မ ၁၆၈ အရ ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းခြင်းသည် ဥပဒေပြဋ္ဌာန်းချက်များ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ထားခဲ့ခြင်းဖြစ်သည်ဟု ခုံအဖွဲ့မှ မှန်ကန်စွာ သုံးသပ် ဆုံးဖြတ်ထားခဲ့ခြင်းဖြစ်၍ ပြန်လည်သုံးသပ်ရန် လိုအပ်သည့် ကိစ္စရပ်မပေါ်ပေါက်ပေ။

သို့ပါ၍ အောက်ပါအတိုင်း အမိန့်ချလိုက်သည်-

**အမိန့်**

အခွန်အယူခံခုံအဖွဲ့၏ ၁၁-၂-၂၀၂၀ ရက်စွဲပါ စာအမှတ် ၂၂၂/အကခ/ယူ-၇၁/၂၀၁၉ ဖြင့် မူလ အကောက်ခွန်အယူခံမှုအမှတ် ၇၁/၂၀၁၉ တွင် ချမှတ်ခဲ့သောအမိန့်ကိုအတည်ပြု၍ ဤပြန်လည် သုံးသပ် ပေးစေလိုမှု လျှောက်ထားချက်ကို ပလပ်လိုက်သည်။

| ဦးကျော်ကျော် | ဦးကြည် | ဦးဝင်းနိုင် |
|---|---|---|
| အဖွဲ့ဝင် | အဖွဲ့ခေါင်းဆောင် | အဖွဲ့ဝင် |
| | အခွန်အယူခံခုံအဖွဲ့ | |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီ

### အမိန့်ကြော်ငြာစာအမှတ် (၂၅ /၂၀၂၁)

၁၃၈၃ ခုနှစ်၊ တော်သလင်းလဆန်း ၁၅ ရက်

(၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်)

**တနင်္သာရီတိုင်းဒေသကြီး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၁၈ ခုနှစ်) ပုဒ်မ ၃-က၊ ပုဒ်မ ၁၇ တို့အရ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီ၏ ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၀/၂၀၂၁ ဖြင့် ဖွဲ့စည်းပေးခဲ့သော **တနင်္သာရီတိုင်းဒေသကြီး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

**တနင်္သာရီတိုင်းဒေသကြီး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးကော်မတီ**

| | | |
|---|---|---|
| (၁) | ဝန်ကြီးချုပ်<br>တိုင်းဒေသကြီးအစိုးရအဖွဲ့ | ဥက္ကဋ္ဌ |

| | | |
|---|---|---|
| (၂) | တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီး (၁) ဦး | အဖွဲ့ဝင် |
| (၃) | ဦးစီးအရာရှိ (ပထမတန်း) စစ်ထောက် (လုပ်ငန်း)<br>တိုင်းစစ်ဌာနချုပ် | အဖွဲ့ဝင် |
| (၄) | တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူး<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | တိုင်းဒေသကြီးဦးစီးဌာနမှူး<br>စိုက်ပျိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၆) | တိုင်းဒေသကြီးမန်နေဂျာ<br>မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် | အဖွဲ့ဝင် |
| (၇) | တိုင်းဒေသကြီးဦးစီးဌာနမှူး<br>မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၈) | တိုင်းဒေသကြီးဦးစီးဌာနမှူး<br>ငါးလုပ်ငန်းဦးစီးဌာန | အဖွဲ့ဝင် |
| (၉) | တိုင်းဒေသကြီးဦးစီးဌာနမှူး<br>သစ်တောဦးစီးဌာန | အဖွဲ့ဝင် |
| (၁၀) | တိုင်းဒေသကြီးဦးစီးဌာနမှူး<br>ပြည်တွင်းအခွန်များဦးစီးဌာန | အဖွဲ့ဝင် |
| (၁၁) | တိုင်းဒေသကြီးဦးစီးဌာနမှူး<br>စီမံကိန်းရေးဆွဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၁၂) | တိုင်းဒေသကြီးရုံးခွဲတာဝန်ခံ<br>သတ္တုတွင်းဦးစီးဌာန | အဖွဲ့ဝင် |
| (၁၃) | တိုင်းဒေသကြီးဦးစီးဌာနမှူး<br>တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၁၄) | ဦးစံငွေ<br>ဒေသခံ ကရင်လူမျိုးစုကိုယ်စားလှယ် | အဖွဲ့ဝင် |
| (၁၅) | ဦးကျော်ဝင်း<br>တောင်သူလယ်သမားကိုယ်စားလှယ် | အဖွဲ့ဝင် |
| (၁၆) | ဦးသိန်းဇော်<br>အရပ်ဘက်ဆိုင်ရာအဖွဲ့အစည်းကိုယ်စားလှယ် | အဖွဲ့ဝင် |
| (၁၇) | ဦးခင်မောင်ကြည်<br>သင့်လျော်သည့် ပညာရှင် | အဖွဲ့ဝင် |
| (၁၈) | ဦးသက်တင်<br>သင့်လျော်သည့် ပညာရှင် | အဖွဲ့ဝင် |
| (၁၉) | တိုင်းဒေသကြီးဦးစီးဌာနမှူး<br>လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန | အတွင်းရေးမှူး |

၂။ တိုင်းဒေသကြီးမြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ဧက ၃၀၀ ထက်မပိုသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို စိုက်ပျိုးရေးလုပ်ငန်းတွင် နှစ်ရှည်ပင်၊ ဥယျာဉ်ခြံသီးနှံနှင့် စက်မှုကုန်ကြမ်း ရာသီသီးနှံတို့အတွက်လည်းကောင်း၊ ဧက ၅၀ ထက်မပိုသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို မွေးမြူရေးလုပ်ငန်းအတွက်လည်းကောင်း တည်ဆဲဥပဒေများနှင့်အညီ တိုင်းဒေသကြီးအစိုးရအဖွဲ့ထံ သဘောထားမှတ်ချက်ရယူ၍ စိစစ်ခြင်း၊ ခွင့်ပြုခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

( ခ ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် လျှောက်ထားသော ကိစ္စရပ်များတွင် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စိစစ်ခြင်း၊ သဘောထားမှတ်ချက်ပြုခြင်း၊ လုပ်ငန်းစာတွဲများကို ဦးစီးဌာနများသို့ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်နိုင်ရန် ပေးပို့ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊

( ဂ ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် လျှောက်ထားသည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးအစိုးရအဖွဲ့ထံ သဘောထားမှတ်ချက် တင်ပြတောင်းခံခြင်း၊

